

စိတ်ကူးချိုချိုအနုပညာ
မှော်ဝင်အိုးကြီးနဲ့
တခြား မလေးရှားပုံပြင်များ
ခင်မောင်တိုး(မိုးမိတ်)

mgyoe.com

# မှော်ဝင်အိုးကြီးနဲ့

## တခြား မလေးရှားပုံပြင်များ

ခင်မောင်တိုး(မိုးမိတ်)



KMT0018
2,000.00 KS

mgyoe.com

မော်ဝင်အိုးကြီးနဲ့ တခြားမလေးရှားပုံပြင်များ ခင်မောင်တိုး(မိုးမိတ်)
စာမျက်နှာ ၁၆၄ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မော်ဝင်အိုးကြီး နဲ့ တခြားမလေးရှားပုံပြင်များ

# The Magic Urn and Other Timeless Tales of MALAYSIA by Tutu Dutta

ခင်မောင်တိုး(မိုးမိတ်)–မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆန်ရှည်သူလေး ဘဝဇာတ်လမ်း | ၁ |
| ၂။ | ပုန်းကွယ်နေတဲ့ လမင်းသမီးလေး | ၁၈ |
| ၃။ | ပန်းမျက်ရည် နတ်သမီးလေး | ၃၂ |
| ၄။ | ဆာရီနာရာရဲ့ ရွေးချယ်မှု | ၄၆ |
| ၅။ | သစ်ပင်ကမွေးတဲ့ ကလေးလေး | ၆၁ |
| ၆။ | အမည်မဖော်တဲ့ မင်းသမီး | ၇၂ |
| ၇။ | ကျောက်ရင်ကွဲ | ၈၆ |
| ၈။ | ဆစ်ဆမ်ဘိုင်ရဲ့ ဇာတ်လမ်း | ၉၈ |
| ၉။ | ကျိန်စာသင့်သူလေး | ၁၀၈ |
| ၁၀။ | မှော်ဝင်အိုးကြီး၁၀၈ | ၁၂၂ |
| ၁၁။ | ဆောင်းဖရဲ သမီးပျို | ၁၃၇ |
| ၁၂။ | အင်ဒူးဒါရာရဲ့ အမွေ | ၁၅၂ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## စာရေးသူ၏ အမှာ

ကလေးဘဝကတည်းက ပုံပြင်တွေကို ကျွန်တော်စိတ်ဝင်စားခဲ့ပါတယ်။ လူတွေပြောတဲ့ ပုံပြင်တွေရော၊ ပုံပြင်ဆရာတွေပြန်ပြောပြတဲ့ ပုံပြင်တွေကိုရော၊ မလေးရှား တစ်ရွာကနေတစ်ရွာ ကူးပြောင်းလာတဲ့ ပုံပြင်တွေကိုရော စိတ်ဝင်စားခဲ့တာပါပဲ။ ချုပ်ပြောရရင်တော့ ကျွန်တော်ဟာ ပုံပြင်စုတဲ့လူတစ်ယောက်လို ဖြစ်နေပါတော့တယ်။ နောက် မယ်လ်ကျွန်းစုကလည်း အိန္ဒိယနဲ့ အာရပ်ကမ္ဘာကြားက ဟင်းခတ် အမွှေးအကြိုင်သယ်ဆောင်ရာ လမ်းကြောင်းပေါ်မှာ ရှိနေလေတော့ ရိုးရာပုံပြင်တွေ အများကြီးရှိတာပေါ့။ နောက် သူ့အရှေ့ဘက်မှာက တရုတ်ပြည်။ အဲဒီ တရုတ်ပြည်မှာကလည်း ပုံပြင်တွေကအများကြီး။ သည်အထဲ ရေတော်တုန်း ရေတွင်းထဲကျဆိုသလို ကျွန်တော် တိုကျို (Tokyo) က ဆိုဖီယာ တက္ကသိုလ် (Sophia University) မှာ တစ်နွေလုံး သွားနေလိုက်ရတဲ့ အခွင့်အရေးကြီးကလည်း ကျေးလက်ပုံပြင်တွေဟာ အဆင့်မြင့်တဲ့ အနုပညာစာပေတစ်ရပ်ဖြစ်ကြောင်း သဘောပေါက်နားလည် စေခဲ့ပါတယ်။

mgyoe.com

mgyoe.com



ကျွန်တော် အသက်နည်းနည်းကြီးလာတော့ ဒီပုံပြင်တွေဟာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားတဲ့အဖြစ်ကို သိလိုက်ရတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပုံပြင်တွေကိုတော့ မမေ့ပျောက်သင့်ပါဘူး။ စနိုးဝှိုက် (Snow White)၊ စင်ဒရဲလား (Cinderella)၊ အလှလေးနဲ့သတ္တဝါကြီး (Beauty and The Beast) စတဲ့ ပုံပြင်တွေလောက်နဲ့ပဲ ရပ်မနေသင့်ပါဘူး။ ကျွန်တော်တို့ရဲ့ ကလေးငယ်တွေကို ပြောပြဖို့ ပုံပြင်တွေအများကြီး ရှိနေမှန်း ကျွန်တော်တပ်အပ်သေချာ သိနေပါတယ်။ ဒါကြောင့် ကျွန်တော် ကျေးလက်ပုံပြင်အမျိုးမျိုးကို စ,သုတေသနလုပ်ပါတယ်။

ဟုတ်ကဲ့၊ ကျွန်တော်ပုံပြင်တွေ ပိုစုမိလေလေ၊ ကမ္ဘာတစ်ဝန်းက ဆင်တူပုံပြင်တွေကို တွေ့မြင်လာလေလေပါပဲ။ ဥပမာပြောရလျှင် တရုတ်ပြည်က The Weaver maid and The Herdboy ပုံပြင် ဟာ ဂျပန်နိုင်ငံမှာ The Fishenman and The Swan Maiden လို့ အသိများနေပါတယ်။ ဒီပုံပြင်ကို မလေးရှားမှာလည်း တွေ့ရပြန်ပါတယ်။ ဒါပေမဲ့ ပုံပြင်နာမည်ကတော့ Endu Daras Legacy ဖြစ်နေပါတယ်။ ကျွန်တော်တို့မှာ ကျွန်တော်တို့ပိုင်ပုံပြင် Princess Trailing Hair Knot ထဲက The Govce Girl ဆိုတာ ရှိပါတယ်။ သူလေးက မင်းသမီးလေးတစ်ပါး၊ ဒါပေမဲ့ ဘုရင့်လယ်တွေမှာ ငှက်မောင်းသူလေး ဖြစ်နေရရှာတယ်။ The Unnamed Princess ပုံပြင်ထဲမှာလည်း Beauty and The Beast အကြောင်းပါနေပြန်တာပဲ။ Sleeping Beauty ထဲက အကြောင်းတွေ ပါနေတာပဲ။ မည်သို့ပင်ဖြစ်စေ အနည်းငယ်မျှသော ဥပမာ–The Magic Urn, The Faerie Who Wept Flowers နဲ့ The Winter Melon Maiden ပုံပြင်တွေကတော့ ထူးထူးခြားခြားဆိုသလို ကိုယ်ပိုင်ပုံပြင်တွေပဲ ဖြစ်ကြ ပါတယ်။

mgyoe.com

mgyoe.com



ကျွန်တော် နယူးယောက်မှာနေစဉ် ၂၀၀၃ ခုနှစ်မှာ ကလေးများ အတွက် ဝတ္ထုလေးတွေ စရေးခဲ့တယ်။ ကျွန်တော်ဟာ ကျေးလက်ပုံပြင် များနဲ့ ကလေးစာပေကို တစ်သက်လုံးစိတ်ဝင်စားခဲ့လို့ "အာရှကျေး လက်ပုံပြင်များ" ကို သုတေသနကပြုလုပ်ခဲ့ကာ ပြန်ပြောပြလာခဲ့တာ သဘာဝကျပါတယ်။ အဲ နယူးယောက်ထုတ်ဝေသူတွေက ကျွန်တော့် စာမူတွေကို လျစ်လျူရှုခဲ့ကြတာဟာလည်း အံ့အားသင့်စရာတော့ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် စိတ်တူကိုယ်တူ လူတွေစုတယ်။ ရလာတဲ့ အကျိုးကတော့ ၂၀၀၅ ခုနှစ်မှာ Twelve treasures of the East (အရှေ့တိုင်းရဲ့ ရတနာ ဆယ့်နှစ်မျိုး) စာအုပ်ထွက်လာနိုင် ခြင်းပါပဲ။ ဒီစာအုပ်ကို ပီရူးက ကျေးလက်ပုံပြင်ကို စိတ်ဝင်စားသူ လူစီဘီဒိုးယား မေရီ (Lucy Bedoya Maire) နဲ့ ပူးတွဲရေးသားခဲ့ ပါတယ်။ ဒီစာအုပ် ကို ဒတ်တင်အေမီဟာမီဒွန် (Datin Amy Hamidon) က ထုတ်ဝေ ခဲ့တယ်။ သူမဟာ UN နဲ့ မလေးရှားနိုင်ငံဆိုင်ရာ အမြဲတမ်း ကိုယ်စား လှယ်ရဲ့ဇနီး ဖြစ်တယ်။

ကျွန်တော် မလေးရှားပြန်ရောက်တော့ မာရှယ်ကာဗင်းဒစ် (Marchall Cavendish) နဲ့ MPH ထုတ်ဝေသူတို့နဲ့ တွေ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အာရှကျေးလက်ပုံပြင်များ (Asian Folktales) စာအုပ်ကို ၂၀၀၆/ ၂၀၀၇ ခုနှစ် မှာ ထုတ်နိုင်ဖို့ပါ။ တစ်ချိန်တည်းမှာ အဖြူအမည်းသရုပ်ဖော်ပုံတွေကိုလည်း ရလိုက်ပါတယ်။ ဒါတွေက စာအုပ်ကို အားဖြည့်ဖို့ပဲ ဖြစ်ပါတယ်။

အဲ ၂၀၀၈ ခုနှစ်ရောက်လာတော့ ကျွန်တော့်အတွက် အံ့အားသင့် စရာ ဝမ်းသာစရာကောင်းလာတာက မလေးရှားကျေးလက်ပုံပြင်အား လုံးပါတဲ့ စာအုပ်ထုတ်ဖို့ မာရှယ်ကာဗင်းဒစ်က တာဝန်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ တာဝန်ကျေနိုင်ဖို့ ရှစ်လလောက် အပြင်းအထန် ကြိုးစား

mgyoe.com

mgyoe.com



လိုက်တဲ့အခါ ၂၀၀၉ ခုနှစ်ကျတော့ Timelear Tales of Malaysia စာအုပ် ထွက်ရှိလာခဲ့ပါတယ်။

ဒီတော့ ကျွန်တော်က ကျွန်တော် ပထမဆုံးထုတ်ဝေလိုက်တဲ့ မလေးရှားပုံပြင်များစာအုပ်ထဲကအပြင် ကျွန်တော်ဆက်လုပ်ချင်တဲ့ The Magic Urn and other Timeless Tales of Malaysia စာအုပ်ထွက်လာဖို့ လမ်းစပေါ်လာပြီမို့ များစွာဝမ်းသာသွားမိပါတယ်။

■

mgyoe.com



mgyoe.com

# ဆန်ရှည်သူလေး ဘဝဇာတ်လမ်း

ခမည်းတော်နဲ့ မယ်တော် အမှတ်မထင်နတ်ရွာစံသွားကြတော့ မင်းသမီးလေးနှစ်ပါး ကံဆိုးမိုးမှောင် ကျကြရပါတော့တယ်။ သူတို့မှာ ရှိသမျှ ဆုံးရှုံးသွားကြတယ်။ အဲ သူတို့ညီအစ်မ ပူဆွေးသောကရောက် နေဆဲမှာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အကြင်နာမဲ့ပြီး လောဘရမ္မက် ကြီးမားလှတဲ့ဆွေမျိုးတွေက ရာဇပလ္လင်ကို အပိုင်သိမ်းလိုက်ကြပြန် တယ်။

ဒါပေမဲ့ ကံအားလျော်စွာ ဆိုသလို မင်းသမီးလေးနှစ်ပါးဟာ ဘေးမသီရန်မခဘဲ ထွက်ပြေးနိုင်ခဲ့ကြတယ်။ ဒီလိုထွက်ပြေးနိုင်အောင် လည်း အထိန်းတော်အမျိုးသမီးကြီးတစ်ယောက်က ကူညီပေးလိုက် လို့ပါ။ သူ့အကူအညီနဲ့ သစ်တောတစ်တောရဲ့ အစွန်အဖျားက တဲကလေးအရောက် ထွက်ပြေးလာနိုင်ခဲ့ကြတယ်။ ဒီတဲကလေးထဲမှာ မင်းသမီးလေးနှစ်ပါး လပေါင်းများစွာ နေသွားကြရရှာတယ်။ ဒီလို နေသွားရ ချိန်တစ်လျှောက်လုံး သူတို့ဘဝက ချို့တဲ့နုံချာလှပါတယ်။ သူတို့ နေထိုင်ခဲ့ကြရတဲ့ ကြွယ်ဝမှု၊ လိုတရမှုတွေနဲ့ ဘာမှမဆိုင်တော့

mgyoe.com

mgyoe.com


သလို ပြတ်တောက်သွားပါတော့တယ်။ ဒါကြောင့်မို့လည်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကျွမ်းကျင်နားလည်အောင် ကြိုးစားသင်ယူရရှာတယ်။ ဒီလိုသင်ယူရာမှာ အထိန်းတော်ကြီးရဲ့ အကူအညီယူပြီး ကြိုးစားကြရတာပေါ့။

နောက်ဆုံးတော့ လှပချောမောတဲ့ အစ်မတော်က သူကဖခမည်းတော်ကို အလုပ်အကျွေးပြုခဲ့ဖူးတဲ့ နန်းတွင်းအရာရှိတစ်ဦးနဲ့ လက်ထပ်လိုက်တယ်။ လက်ထပ်ပြီးတာနဲ့ သူ့ညီမတော်လေးကို သူနဲ့လိုက်နေဖို့ ကြိုးစားသွေးဆောင်တယ်။ ဒါပေမဲ့ အစ်မတော်ရဲ့ ကမ်းလှမ်းမှုကို သူကလက်မခံဘူး။ တကယ်တော့ သူက အစ်မတော်နဲ့ခွဲခွာရမယ့်အခါ စိတ်မကောင်းဖြစ်ရတာ အမှန်ပါပဲ။ ဒါပေမဲ့ သစ်တော အစွန်အဖျားမှာနေရတဲ့ဘဝကို နှစ်ခြိုက်ပျော်ပိုက်တယ်လေ။

ခုတော့ မင်းသမီးလေးက အပူအပင်မဲ့ အထိန်းတော်ကြီးနဲ့ နေရင်းနန်းတွင်းသူဘဝကို ပြန်အမှတ်ရနေရှာတယ်။ မင်းသမီးလေး နာမည်က ပူတာရီ နန်ခယန် (Puteri Nang Chayang) တဲ့။ ဒါပေမဲ့ ဒီနာမည်ကို ဘယ်သူကမှ မခေါ်ကြဘူး။ နန်းတွင်းသူတွေက သူ့ကို ဆမ်ဂါးဘာဂျူရိုင်း (Sangul Bergurai) လို့ပဲ ခေါ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဆံထုံးမထုံးဘဲ ဆံပင်ကိုဖြန့်ချပြီး နန်းတော် ဥယျာဉ်ထဲမှာ လမ်းလျှောက်လေ့ရှိလို့ပေါ့။ သူ့ဆံပင်တွေကလည်း မထုံးဘဲဖြန့်ချထားရင် အတော့်ကိုရှည်တယ်လေ။ တခြားနန်းတွင်းသူတွေကတော့ သူ့လိုမဟုတ်ကြဘူး။ ဆံပင်ကို စနစ်တကျထုံးပြီး ရွှေထည်တွေနဲ့ ထိုးထားကြတာ။ သူ့အစ်မတော်တောင် ဆံပင်ကို သေသေသပ်သပ် အမြဲထုံးလေ့ရှိတယ်။

နန်းတွင်းသူတွေက 'ဆမ်ဂါးဘာဂျူရိုင်း' ဟာ မိန်းမမဆန်ဘူးလို့ တီးတိုးပြောကြတယ်။ ဘာကြောင့်လဲဆိုတော့ ဆံပင်ကို ဘယ်တော့မှ

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


မဖြီးထားလို့။ သဘာဝလောကကို ချစ်လွန်းလို့ပေါ့။ ပြင်ပလောကထဲမှာ အနေများတော့ သူမရဲ့အသားက ညိုတောင်လာတယ်။ ဒါကြောင့်လည်း နန်းတွင်းသူတွေရဲ့ တီးတိုးပြောသံကို သူမ ကြားနေရတာပဲပေါ့။ နန်းတွင်းသူတွေက ပြောကြတယ်လေ။ အဲဒီလို အသားညိုလာတော့ ပင်ကိုဆွဲဆောင်မှုလေးတောင် ပျောက်သွားပြီး ဆွဲဆောင်မှု မရှိသလောက် ဖြစ်သွားရသတဲ့။

ဒါပေမဲ့ သူ့ပုံပန်းသဏ္ဌာန်က ဘယ်လိုပဲဖြစ်နေနေ သူမဟာ အသိပညာတော့ မမဲ့ဘူး။ ရိုးရာဓလေ့ကို နှံ့နှံ့စပ်စပ် သိထားတယ်။ နန်းတွင်းသုံး ဘာသာစကားကိုလည်း တတ်မြောက်တယ်။ သို့သော် ထိန်းထိန်းသိမ်းသိမ်းနေရတဲ့ဘဝမျိုးအတွက်တော့ သူမမှာ အဆင်သင့်မဖြစ်သေးတာအမှန်ပဲ။ ဒီမင်းသမီးလေးဟာ ကြောက်စရာကောင်းလောက်အောင်ပဲ လွတ်လွတ်လပ်လပ်နေတယ်။ သူ မသိသေးတာတွေကို သင်ပေးဖို့ ဆရာလည်း မလိုချင်သူပဲ။

အခု ဒီတဲကုပ်ကလေးထဲမှာ လချီကြာအောင်နေလာခဲ့ရတော့ အရပ်ရှည်လာတယ်။ ကိုယ်သွယ်လျကျစ်လျစ်လာတယ်။ ပိုအံ့သြစရာကောင်းတာကတော့ သူမရဲ့ဆံပင်တွေက ခြေမျက်စိထိအောင် ရှည်လာတာပဲ။ အထိန်းတော်အများကြီးက ဆံပင်ဖြီးရာမှာ ဆံထုံးထုံးရာမှာ ကူညီပေးတယ်။ 'ပူတာရီနန်ခယန်' ကိုယ်တိုင်ကလည်း အခုနေ နန်းတွင်းသူတွေက သူ့ကိုမြင်တွေ့သွားကြရင် ဘာနာမည်များ ပေးလေပါလိမ့်လို့ စဉ်းစားမိတယ်လေ။

အထိန်းတော်ကြီးက "သူတို့ကတော့ ဆမ်ဂါးဘာဂျူရိုင်း" လို့ပဲ မင်းကိုခေါ်ကြမှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့က မင်းရဲ့ ဆံပင်ကို မနာလိုတိုရှည် ဖြစ်နေကြလို့ပေါ့။ အေး ငါက တစ်လျှောက်လုံးမှာလည်း မင်းဆံပင်မျိုးရှိတဲ့ တခြားအမျိုးသမီးတစ်ယောက်ကို တစ်ခါမှ မတွေ့ခဲ့

mgyoe.com

mgyoe.com



ဖူးဘူး”ဟု ပြောပြတယ်။

ဒီလိုမျိုးကြားလိုက်ရတော့ မင်းသမီးလေး သိပ်ကျေနပ်သွားတာပဲပေါ့။ နောက် တခြားအမျိုးသမီးတွေက သူ့ကို မနာလိုတိုရှည်ဖြစ်ပေမဲ့ အကြောင်းတစ်စုံတစ်ရာ ရှိလိမ့်မယ်လို့လည်း အိပ်မက်တောင် မမက်ခဲ့ဖူးတာကိုး။ ဒါပေမဲ့ ခုတော့ အထိန်းတော်ကြီးက သတိပေးနေပြီလေ။ “ငါပြောတာတွေကို ဂရုစိုက်ပါ” တဲ့။ “အခု မင်းဟာ မိန်းမပျိုကလေးတစ်ယောက်ဖြစ်လာပြီ၊ ဒီတော့ လူစိမ်းတွေက မင်းရဲ့ဆံပင်ကို တအံ့တသြမကြည့်ရအောင် အမြဲတမ်းဖုံးကွယ်ထားပါ”တဲ့။ ဒီလိုသတိပေးပြီး လအနည်းငယ်အကြာမှာ အထိန်းတော်ကြီး သေဆုံးသွားတယ်။ ဒီတော့ “ပူတာရီနန်ခယန်” အထီးကျန်ဘဝ ရောက်သွားရတော့တာပေါ့။

တစ်နေ့ ဒီမင်းသမီးလေးက သရက်သီးမှည့်တချို့၊ ငှက်ပျောရွက်နဲ့ထုပ်ထားတဲ့ ထမင်းနဲ့ဆတ်သားကို သူ့တဲလှေကားပေါ်မှာ အမှတ်မထင် တွေ့လိုက်ရတယ်။ သူသိပ်ပျော်သွားတာပေါ့။ ထမင်းနဲ့အသားမစားရတာ ကြာလှပြီကိုး။ ဒီ စားစရာတွေကို သူ့အစ်မက လာပေးထားတာလို့လည်း ထင်လိုက်တယ်။

အဲ ဒါပေမဲ့ နောက်တစ်နေ့ကျတော့ အမဲလိုက်ဓားကိုင်ထားတဲ့ လူစိမ်းတစ်ယောက် တဲဝမှာ ရုတ်တရက်ပေါ်လာတယ်။ ဒီလူက မင်းသမီးလေးကို ကြမ်းကြမ်းတမ်းတမ်း စကားပြောတယ်။ “မင်းသမီး မင်းဟာ ငါရှာထားတာတွေကို ယူစားလိုက်တယ်။ အေး အဲ့ဒါအတွက် မင်းပေးဆပ်ရမယ်”

မင်းသမီးလေး လန့်သွားရှာတယ်။ လူစိမ်းကလည်း မင်းသမီးလေးကို စူးစူးရဲရဲကြည့်တယ်။ ဒီတော့ မင်းသမီးလေးက ဒီလူ့မှာ ယုတ်မာတဲ့ရည်ရွယ်ချက် ရှိမှန်းသိလိုက်တယ်။ တကယ်တော့ သူလေး

mgyoe.com

mgyoe.com


ဟာ အစားတစ်လုတ်အတွက် မထင်မှတ်ဘဲ ထောင်ချောက်ထဲရောက် သွားရတာပါပဲ။ အင်း ခုတော့ ဒီလူကြမ်းပြုသမျှ နေရပေတော့မယ်။

ဒါပေမဲ့ သူလေးကခေါင်းမာတယ်။ မကြောက်ဘူး။ ဒါကြောင့်လည်း သွေးအေးအေးနဲ့ ပြန်ပြောလိုက်တာပဲပေါ့။ "သြော် ကျွန်မအတွက် သနားသမှုနဲ့ စားစရာတွေထားခဲ့တာရှင်လား၊ ရှင့် စားစရာတွေအတွက် ကျွန်မ ဘာပြန်ပေးရမလဲ"

ဒီတော့ လူကြမ်းကြီးက "မင်းသမီး မင်းက အသားမည်းလွန်းတယ်၊ အရပ်ကလည်းရှည်တော့ ဆွဲဆောင်မှုမရှိဘူး၊ ဒါပေမဲ့ မင်းက ဆံပင်ကိုဖြန့်ချပြီး သစ်တောထဲမှာ လမ်းလျှောက်နေတာကို မြင်လိုက်ရတော့ မင်းကိုယူဖို့ ငါဆုံးဖြတ်လိုက်တယ်"လို့ တဲ့တိုးကြီးပြောလိုက်တယ်။

မင်းသမီး ထိတ်လန့်သွားရှာတယ်။ ခဏတာ နှုတ်ဆိတ်နေမိတယ်။ ပြီးမှ တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်တယ်။

"ဒီမှာ ကျွန်မက ရွှေလင်ပန်းနဲ့အချင်းဆေး မင်းမွေးတဲ့သမီး၊ ဒီနိုင်ငံရဲ့ ထုံးစံက မင်းသမီးတစ်ယောက် သာမန်လူနဲ့လက်ထပ်ဖို့ကိစ္စကို တားမြစ်ပိတ်ပင်ထားတယ်"

ဒီတော့ ဟိုလူကြမ်းကြီးက လှောင်တယ်လေ။

"ဟား....ဟား....၊ ငါ့နိုင်ငံမှာ ဒီလိုထုံးစံတွေအများကြီးပဲကွ။ ဘာပဲဖြစ်ဖြစ် မင်းက အချောင်ရတဲ့ ငါ့ပစ္စည်းတွေကို ယူလိုက်ပြီးပြီလေ။ ဒီတော့ မင်းပြန်ပေးရမှာပဲ။ ဟော့ဒီမြစ်အထက်ပိုင်းက ငါ့အိမ်ကို မင်းလိုက်ခဲ့ရမယ်"

ဒီအနေအထားရောက်လာတော့ မင်းသမီးလေးက သူ့ကိုဒီတဲလေးထဲမှာ အကျဉ်းချထားတော့မယ်ဆိုတာ သိလိုက်တယ်။ ဒါကြောင့် လောလောဆယ်မှာ မီးစဉ်ကြည့်ကဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်လည်း မင်းသမီးလေးက "ကောင်းပြီလေ၊ ရှင်က ကျွန်မကို ရှင့်အိမ်

mgyoe.com

mgyoe.com


ခေါ်သွားချင်တယ်ဆိုရင် ကျွန်မဆံပင်ဖြီးလိုက်ဦးမယ်၊ အဝတ်အစားလေးတွေ ထုပ်လိုက်ဦးမယ်၊ ရှင်အပြင်မှာ စောင့်နေပေါ့”လို့ မပွင့်တပွင့်ပြောလိုက်တာပဲ။

မင်းသမီးလေးက ဒီလိုပြောပြပြီး အခန်းထဲဝင် ဆံပင်တွေ ဖြန့်မကျရလေအောင် ခေါင်းကို အဝတ်စအရှည် ကြိုးနဲ့ ရစ်ပတ်လိုက်ပြီး အဝတ်အစားလေးတွေကို ထုပ်တယ်။

ခု မင်းသမီးလေးက မြစ်ကမ်းပါးဘက်ကို အဲဒီယောက်ျားနောက်ကလိုက်သွားနေပြီး ကမ်းစပ်နောက်ဘက်က သစ်ပင်မှာချည်ထားတဲ့လှေငယ်လေးတစ်စင်းကို လှမ်းမြင်လိုက်ရတယ်။ ဒီတော့ မင်းသမီးလေးက အလန့်တကြား အော်လိုက်တယ်။

“ကျွန်မ ရေမကူးတတ်ဘူး၊ ဒီလိုလှေမျိုးကိုလည်း တစ်ခါမှ မမြင်ဖူးဘူး၊ ကျွန်မမြစ်ထဲကျသေရင် ဘယ်လိုလုပ်မလဲ”

ဒီတော့ လူကြမ်းကြီး စိတ်ပျက်သွားပုံမျိုးနဲ့ လှေကိုကမ်းနားအထိဆွဲလာရင်း မင်းသမီးကို လှေပေါ်တင်ပေးလိုက်တယ်။ နောက် လှေကိုချည်ထားတဲ့ ကြိုးဖြတ်ပြီး ရေနက်ထဲတွန်းပို့လိုက်တယ်။ အဲ ရေနက်ပိုင်းလည်းရောက်ရော မင်းသမီးလေးက တက်ကိုဆွဲယူလိုက်ပြီး အားကုန်လှော်ပြေးတော့တာပဲ။ ဒီတော့ ယောက်ျားကြီးက နောက်ကလိုက်ပြီးလှေကိုဆွဲဖို့ ကြိုးစားတော့တာပေါ့။ ဒါပေမဲ့ မင်းသမီးက သန်မာတယ်။ လှေအတော်ဝေးဝေးရောက်သွားအောင် အားကုန်စိုက်လှော်တယ်။ ဒီတော့ ဟိုလူကြီး လိုက်မမီတော့ဘူး။ လိုက်မမီတော့ ဒေါသတကြီးနဲ့ ကျိန်ဆဲတော့တာပေါ့။

ကဲ ခုတော့ တိရစ္ဆာန်လို လူကြမ်းကြီးလက်က လွတ်မြောက်လာခဲ့ပြီမို့ မင်းသမီးလေး သက်ပြင်းချနိုင်ပါပြီ။ တစ်ချိန်တည်းမှာ သူနေခဲ့တဲ့ တဲငယ်လေးဆီ ဘယ်တော့မှ ပြန်ရောက်တော့မှာ မဟုတ်ဘူး

mgyoe.com


mgyoe.com
mgyoe.com


mgyoe.com
mgyoe.com

mgyoe.com


ဆိုတဲ့အတွေးက ဝင်လာပြန်တယ်။ ဒီလိုနဲ့ မင်းသမီးလေးဟာ မြစ်ထဲမှာ ရက်အနည်းငယ်ကြာအောင် မျောပါနေရရှာတယ်။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလည်း မသိနိုင်ဘူး။ ဒီအခိုက်မှာပဲ စောင်ခြုံထားတဲ့ မသေမသပ်ဆံပင်ရှည်ကြီးရှိတဲ့ မိန်းမငယ်တစ်ယောက် ကမ်းစပ်မှာ ရပ်နေတာကို ရုတ်တရက်လှမ်းမြင်လိုက်ရတယ်။ ဒီတော့ မင်းသမီးလေးက သူ့ဘက်ကို လှေလှော်သွားတာပေါ့။

"မိန်းကလေး မင်းကဘယ်သူများပါလိမ့်"

"ဟုတ်ကဲ့၊ ကျွန်မက "ပကုမေယန်" ပါ။ ကျွန်မကို ကူညီပါ။ ကျွန်မက တစ်ကောင်ကြွက်ပါ။

သနားစရာ မိန်းကလေးအတွက် မင်းသမီး စိတ်မကောင်းဖြစ်သွားရှာတယ်။

"ဒီလိုဖြင့် လှေပေါ်တက်ပေတော့။ တို့ တစ်လှည့်စီလှော်ကြတာပေါ့ကွယ်"

သူတို့ တစ်လှည့်စီလှော်ခတ်သွားရင်း မြစ်အောက်ပိုင်းကို မျောပါသွားကြတယ်။ ဒီအချိန်မှာပဲ မိန်းကလေးက မင်းသမီးကို သူ့အကြောင်း ပြောပြလိုက်ပါတယ်။

"ကျွန်မရွာကထွက်ပြေးခဲ့တာ။ ကျွန်မအဖေဆုံးပါးသွားတာနဲ့ ကျွန်မအမျိုးတွေက ချမ်းသာတဲ့အဘိုးကြီးနဲ့ ကျွန်မကို အတင်းအကျပ် လက်ထပ်ခိုင်းကြတယ်။

ဒီစကားကြားလိုက်ရတော့ မင်းသမီးက မိန်းမငယ်လေးကို ကိုယ်ချင်းစာစိတ်နဲ့ သနားမိလိုက်ပါတယ်။ သူကိုယ်တိုင်ကလည်း မုဆိုး လူကြမ်းကြီးလက်တွင်းက ခုလေးတင် လွတ်မြောက်ခဲ့ရတာ မဟုတ်လား။ ဒါကြောင့် သူ့ဘဝဇာတ်လမ်းကိုလည်း မိန်းကလေးကို ပြောပြမိလိုက်တယ်။ ဒါပေမဲ့ မင်းသမီးက သူ့အစစ်အမှန် နာမည်ကိုတော့ မပြောပြဘူး။

mgyoe.com

mgyoe.com


ဒီနေ့က သိပ်ပူတဲ့နေ့မို့ မင်းသမီးက လှေကို အရိပ်ရှိရာဘက်သို့ လှော်သွားပြီး သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်တယ်။ ပြီးတော့ မင်းသမီးက မြစ်ထဲမှာ ရေချိုးတယ်။ ခေါင်းလျှော်တယ်။ ဟိုမိန်းမငယ်လေးကလည်း လိုက်ပြီးရေချိုးတယ်။ ခေါင်းလျှော်တယ်လေ။ ရေချိုးပြီး ရေအခြောက်ခံကြတယ်။ မင်းသမီးက ဆင်းရဲသူမလေးကို ဝတ်ကောင်းစားလှအချို့ ပေးတယ်။ "ပကုမေယန်" ကလည်း သူ့ဆံထုံးမပြေသွားအောင် ထိန်းထားဖို့ မင်းသမီးဆီက ရွှေဆံထိုးတစ်ခု ငှားလာအောင် သွေးဆောင်ပြောပြောတယ်။

ဒီအချိန်မှာပဲ သူတို့နှစ်ယောက်နဲ့ မလှမ်းမကမ်းက မင်းနေပြည်ရှိ အိမ်ရှေ့မင်းသားက ထူးဆန်းတဲ့အိပ်မက်တစ်ခုကို မက်တယ်။ အိပ်မက်က ထူးထူးကဲကဲ နက်မှောင်နေတဲ့ ဆံပင်ပိုင်ရှင် အမျိုးသမီးလေးတစ်ယောက်ဟာ သူ့နန်းတော်နားကို လှေတစ်စင်းနဲ့ ချည်းကပ်လာတယ်တဲ့။ ဒီအမျိုးသမီးကလည်း ဘုရင်သွေးအစစ်ပဲ ဖြစ်သတဲ့။ သူမဟာ ချောမောလှပရုံသာမကဘူး၊ ပညာကြီးတယ်၊ ကြင်နာသနားတတ်တယ်တဲ့။ သူမဟာ သူ့ဇနီးဖြစ်ဖို့ ကံဇာတာပါလာပါသတဲ့။ ဒီအိပ်မက်ကို မင်းသား ထပ်ပြန်တလဲလဲမက်တယ်။ ဒီတော့ နောက်ဆုံးမှာ နန်းတော်အစောင့်တွေကို မြစ်ရိုးတစ်လျှောက် သတိထားစောင့်ကြည့်ဖို့ ပို့လိုက်ပါတော့တယ်။ သူတို့တာဝန်ကတော့ ထူးထူးခြားခြား ဆံပင်ရှည်တဲ့ အမျိုးသမီးတစ်ယောက်ကို မြစ်ကမ်းတစ်လျှောက်မှာ စောင့်ကြည့်ကြဖို့ပါပဲ။

ရက်အနည်းငယ် ကြာသွားတဲ့အခါ အစောင့်တွေက အမျိုးသမီးနှစ်ယောက်ပါတဲ့ လှေငယ်တစ်စင်းကို လှမ်းမြင်လိုက်ကြရတယ်လေ။ အမျိုးသမီးနှစ်ယောက်ကတော့ တခြားမဟုတ်ဘူး။ "ပူတာရီဆမ်ဂါးဘာဂျူရိုင်း"နဲ့ "ပကုမေယန်"ပဲပေါ့။ အစောင့်တွေက သူတို့လေးတွေ

mgyoe.com

mgyoe.com


ကို မင်းသားရဲ့ခုံညားထည်ဝါလှတဲ့ နန်းတော်ကြီးဆီခေါ်သွားကြတယ်။ အမျိုးသမီးတစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်တောင် ပါလာတော့ မင်းသား အံ့အားသင့်သွားတာပေါ့။ သူက တစ်ယောက်က မင်းသမီးဖြစ်ပြီး တစ်ယောက်က မင်းသမီးရဲ့ ရံရွေတော်ဖြစ်တယ်လို့ပဲ မှတ်ယူလိုက်တယ်။ ဒါကြောင့်လည်း ဝင့်ဝါလွန်းတဲ့ "ပကုမေယန်"ဆီ သူ အာရုံရောက်သွားတာပဲပေါ့။ "မေယန်" ဆံထုံးမှာလည်း ငှားထိုးထားတဲ့ ရွှေဆံထိုးရှိနေလေတာကိုး။ ဒါပေမဲ့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို ဖြစ်နေတဲ့ အရပ်ရှည်ပြီး ကိုယ်လုံးသွယ်တဲ့ မိန်းမပျိုကိုတော့ နှစ်ခါတောင် ပြန်မကြည့်တော့ဘူး။

မင်းသားက "ပကုမေယန်" ကို လှမ်းမေးတယ်။

"အမျိုးသမီးလေး မင်းနာမည်က ဘာတဲ့လဲ"

"ကျွန်မနာမည်က "ပကုမေယန်"ပါ၊ ကျွန်မတိုင်းပြည်က မထွက်ပြေးဘဲ နေလို့မဖြစ်လို့ ထွက်ပြေးခဲ့ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ မိဘတွေကွယ်လွန်သွားတဲ့အခါ ရက်စက်တဲ့ အမျိုးတွေက နန်းတော်ကို အပိုင်သိမ်းလိုက်လို့ပါပဲ"

ဒီလိုဖြေလိုက်သံကြားလိုက်ရတော့ "ပူရီတန် ဆမ်ဂါးဘာဂျူရိုင်း" ခမျာ သူမရဲ့ဘဝဇာတ်လမ်း အခိုးခံလိုက်ရပြီဆိုတာ သိလိုက်တာပဲပေါ့။ ဒီလိုခံလိုက်ရတော့ သူလေး ရှက်သွားမိတယ်။ ဒါပေမဲ့ မင်းသမီးကလေး သိပ်ကိုနာကြည်းသွားပြီး စိတ်အပျက်ကြီးပျက်သွားရလို့ ဘာမှမပြောတော့ဘဲ ရေငုံနှုတ်ပိတ်နေလိုက်ရှာတယ်။ အဲ...ကံများ ဆိုးချင်တော့ မင်းသားကလည်း 'ပကုမေယန်' စကားကို ယုံစားသွားပြီး လက်ထပ်လိုက်တာပဲ။ တစ်ချိန်တည်းမှာ 'ဆမ်ဂါးဘာဂျူရိုင်း'ကို လယ်တဲ ပို့လိုက်ပြီး အလုပ်လုပ်ခိုင်းလိုက်တယ်လေ။ ဒီတော့ သူလေး ဝမ်းနည်းပူဆွေးရရှာပြီပေါ့။ "အင်း...ကံကြမ္မာရဲ့အလှည့်စားကို ငါ ထပ်ခံလိုက်

mgyoe.com

mgyoe.com


ရပြန်ပြီပေါ့လေ...” လို့လည်း ရေရွတ်မိလိုက်ရှာတယ်။

ခုတော့ ရွှေမင်းသမီးကလေးက လယ်စောင့်ဘဝနဲ့ ကျေးငှက်တွေ မောင်းထုတ်ရတဲ့ အလုပ်ကိုလုပ်နေရရှာပါပြီ။ သည်တော့ တခြား လယ်သမားတွေက ကိုယ်လုံးသွယ်သွယ်နဲ့ အရုပ်မြင့်မြင့်အမျိုးသမီးလေး ညှိုးလျော်လွယ်ဆွေးနေတတ်တာကို သတိပြုမိလာကြတယ်။ ဒါပေမဲ့ သူလေးက သနားကြင်နာတတ်လေတော့ လယ်သမားအားလုံးက ရိုသေ လေးစားကြတယ်။

ဒီအချိန်မှာပဲ မင်းသားက သူ့ဇနီးအသစ်စက်စက်ဟာ နန်းဓလေ့ကို လုံးဝမသိတဲ့အဖြစ်ကို သိလာတယ်။ သိရအောင်လည်း ဘာတစ်ခုမှ မလုပ်ဘူး။ ဒီအထဲ လောဘက ကြီးလိုက်ပါသေးတယ်။ စကားပြော တော့လည်း အတော့်ကို ရိုင်းပျတယ်။ ဒီထက်ပိုဆိုးတာက သူ့ ရုံရွှေတော် လေးတွေကို မထီမဲ့မြင် ပြုမူဆက်ဆံတယ်။ အထင်သေးတယ်။

ဒီအနေအထားတွေကို နေ့စဉ်ရက်ဆက်မြင်တွေ့ရလေတော့ သူဟာ ဆိုးဆိုးဝါးဝါးအမှားကြီးတစ်ခုကို ကျူးလွန်မိလိုက်မှန်း သိသွားတယ်။ အင်း...သေချာပါတယ်။ သူဟာ ငါအိပ်မက်မက်တဲ့ မင်းသမီး လုံးဝ မဟုတ်နိုင်ဘူး။ ဒီအတွေးဝင်လာတဲ့နေ့ကပင် သူဟာ သူ့မိဖုရားနဲ့ ခပ်ခွာခွာနေလိုက်တော့တယ်။ သူ့ခမည်းတော်၊ မယ်တော်တို့ဆီ ဝင်ခစား တော့လည်း သူ့ကိုခေါ်မသွားတော့ဘူး။ သူ့ကို ခုလိုပစ်ပယ်ထားတော့ ‘ပကုမေယန်’ က သူ့ရုံရွှေတော်လေးတွေကို ပိုပြီးမတရား ပြုကျင့်တော့ တာပါပဲ။ အနိုင်ကျင့်တော့တာပဲ။ ကုလားမနိုင် ရခိုင်မဲ ဆိုသလိုပေါ့။

မင်းသားဟာ သူ့ကံကြမ္မာဖန်လာပုံကို တနုံ့နုံ့စဉ်းစားရင်း သူ့မိဖုရား နဲ့ အတူလှေထဲမှာပါလာခဲ့တဲ့ မိန်းမပျိုကို ရုတ်တရက် ပြန်အမှတ်ရ လိုက်မိတယ်။ တကယ်တော့ အဲဒီ မိန်းမပျိုဟာ လှေပေါ်မှာ သူ့မိဖုရား နဲ့ အတူပါလာတဲ့ မိန်းမပျိုပဲပေါ့။ သူလေးကို သူကပဲ အစေခံမလေး

mgyoe.com



အဖြစ် ခိုင်းစေခဲ့တာပဲ မဟုတ်လား။ အင်း…သူလေးဟာ သူ လက်ထပ်ဖို့ မင်းသမီး အစစ်ပေပဲလား။

ဒီလို ဒွိဟစိတ်နဲ့ အစေခံမလေးကို လိုက်ရှာပါတော့တယ်။ သိပ်တော့ ခက်ခက်ခဲခဲ မရှာလိုက်ရပါဘူး။ သူလေးကို သူကိုယ်တိုင်ကပဲ လယ်ထဲပို့ပြီး အလုပ်လုပ်ခိုင်းခဲ့တာပဲ မဟုတ်လား။ ဒါကြောင့် မြင်းကြီးစီးပြီး လယ်ထဲထွက်လာ

mgyoe.com

mgyoe.com




ခဲ့တာပေါ့။ လယ်ထဲရောက်တော့ သစ်ပင်နောက်မှာ ကွယ်ရပ်ပြီး မျက်စိ ကစားလိုက်တယ်။

'ဆမ်ဂါးဘာဂျူရိုင်း' သက်ပြင်း ချလိုက်တယ်။ နေကပူ၊ ငှက်မောင်း ရတာကလည်း မနားရတော့ သူ့ ခမျာ သိပ်ကို ပင်ပန်းနေရှာတယ်။ ဒီအထဲ ခေါင်းကို အဝတ်နဲ့ စည်း ထားတော့ သက်သောင့် သက်သာ အနေအထား မဟုတ်တော့ဘူး။

mgyoe.com


ဒါကြောင့် သူ့ကို ဘယ်သူမှ မြင်မှာ မဟုတ်ဘူး အထင်နဲ့ ဆံပင်ကို ရစ်ပတ်ထားတဲ့ ခေါင်းစည်းကို ဖြုတ်ချ လိုက်တယ်။ ဒီမှာတင် ဆံပင့် ရှည်ကြီးက ဖြန့်ကျလာလိုက်တာ အနက်ရောင်ပိုးသားလို နေရောင်ထဲမှာ လင်းလက်တောက်ပ သွားတော့တာပဲ။

မင်းသား ရင်သပ်အံ့ဩသွားတာပေါ့။ အင်း...သေချာတယ်။ ဒီ ငှက်မောင်းနေရတဲ့ မိန်းကလေးဟာ သူ့အိပ်မက်ထဲက မင်းသမီး အစစ်ပဲ။ မင်းသားရေရွတ်လိုက်သံကို 'ဆမ်ဂါးဘာဂျူရိုင်း' ကြားမိအောင် ကြား လိုက်တော့ ဝန်းကျင်ကို မျက်စိကစားလိုက်မိတယ်။ လူစိမ်းတစ်ယောက် က သူ့ကိုထောက်လှမ်းနေပြီဆိုတာကို ရိပ်မိလိုက်ပေတာကိုး။ ဒီလိုရိပ်မိ လိုက်တာနဲ့တစ်ပြိုင်နက် ကြောက်စိတ်ဝင်လာပြီး ထွက်ပြေးတော့တာပဲ။ ဒီမှာတင် မင်းသားက လိုက်ဖမ်းတာပေါ့။ နောက်ဆုံး မိသွားတယ်လေ။

"ကျုပ်ရဲ့ အမျိုးသမီး ထွက်မပြေးပါနဲ့။ ကျုပ်က 'ပူတာရာဆမူရာ' ပါ။ ကျုပ် အမျိုးသမီးကို ဘယ်လိုမှ ရန်မပြုပါဘူး"

'ဆမ်ဂါးဘာဂျူရိုင်း' ဒူးထောက်လိုက်ပြီး အထစ်ထစ်အငေါ့ငေါ့ ပြောပြလိုက်တယ်။

"အ...အရှင်...မင်းသား၊ မင်းသား ကျွန်မနား...ရောက်...ရောက် လာတာကို မမြင်မိလိုက်ပါဘူး"

မင်းသားခဏတာ နှုတ်ဆိတ်သွားပါတယ်။ ဝမ်းနည်းစိတ် မကောင်း ဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အယောင်ဆောင် မိန်းမ တစ်ယောက်ကို လက်ထပ်မိလိုက်ပြီး မင်းသမီးအစစ်ကိုတော့ လယ်တဲပို့ ငှက်မောင်း ငှက်ခြောက်ခိုင်းမိလိုက်တာကိုး။

နောက်ဆုံးအားစေးပြယ်ခါမှ မင်းသမီးကို မေးမိလိုက်တယ်။

"အဲဒီနေ့ နန်းတော်ထဲမှာရှိနေတုန်းက မင်းလေးဟာ မင်းသမီး အစစ်ပါလို့ ဘာကြောင့် မပြောရတာလဲကွယ်..."

mgyoe.com

mgyoe.com


"အရှင်မင်းသား မယုံမှာစိုးရိမ်မိလို့ပါ"

သူလေးပြောတာ မှန်ပါတယ်။ မင်းသားဟာ အမြင်နဲ့ ခပ်လွယ်လွယ် ဆုံးဖြတ်ခဲ့ပေတာကိုး။ ဒါကြောင့်လည်း သူက ဒူးထောက်ထိုင်နေတဲ့ သူမရဲ့ နေလောင်ထားတဲ့လက်ကို ကိုင်ပြီးထူမပေးလိုက်တယ်။ နောက်တော့ 'ပူတာရီနန်ခယန်' ဟာ မင်းသားနဲ့အတူ နန်းတော်ကို လိုက်သွားပါတယ်။ နန်းတော်ရောက်တာနဲ့ သူ့မိဘနှစ်ပါး ကွယ်လွန်သွားပြီးနောက်ပိုင်း သူ့ဘဝကြမ္မာငင်နေ့ရက်များအကြောင်း ဖွင့်အန်လိုက်တာပဲပေါ့။ အကြောင်းစုံသိလိုက်ရတော့ မင်းသား ဒေါသူပုန်ထပါရော။

"အင်း...နေနှင့်ဦး အဲဒီကျေးဇူးကန်းမ အရှက်မဲ့တဲ့ အယောင်ဆောင်မကို လူပုံအလယ်မှာ ကြိမ်ဒဏ်ခတ်ပစ်မယ်"

ဒီတော့ 'ပူတာရီနန်ခယန်' သတိပေးစကားပြောလိုက်တယ်။

"အရှင်... တကယ်တော့ ကျွန်မတို့အားလုံး အပြစ်မကင်းကြပါဘူး။ 'ပကုမေယန်' က လိမ်ညာလှည့်စားခဲ့တယ်။ အရှင်မင်းသားက အပြင်ပန်းအမြင်ပေါ်မှာပဲ အခြေခံဆုံးဖြတ်ခဲ့တယ်။ ကျွန်မကလည်း အမှန်ကို ထုတ်ပြောပြဖို့ နှုတ်မရဲခဲ့ဘူးလေ"

ခုတော့ မင်းသားက 'ပူတာရီနန်ခယန်' ဟာ လုံးဝအသိဉာဏ်ကြီးကြောင်း၊ ကြင်နာသနားတတ်ကြောင်း၊ သူ့အိပ်မက်ထဲကအတိုင်း ထပ်တူကျနေကြောင်း သိရှိသွားပါပြီ။ ဒါကြောင့် မင်းသားဟာ ကြင်နာသနားသမှုနဲ့ 'ပကုမေယန်' ကို ပြည်နှင်ဒဏ်ပဲ ပေးလိုက်ပါတော့တယ်။ လှေငယ်လေးထဲ ရိက္ခာအပြည့်အစုံထည့်ပြီး မြစ်အထက်ပိုင်း ပို့လိုက်တယ်။ အဲ..'ပူတာရီနန်ခယန်' ကတော့ မင်းသားနဲ့ လက်ထပ်ပြီး တစ်ဘဝလုံး ပျော်မဆုံးပဲပေါ့။

**Princess Trailing Hair-Krot** ကို ပြန်ဆိုပါတယ်။

■

mgyoe.com



# ပုန်းကွယ်နေတဲ့ လမင်းသမီးလေး

လင်္ကာပူရီ မင်းနေပြည်ကြီးကို အုပ်စိုးတဲ့ဘုရင်မှာ သမီးတော် နှစ်ပါးရှိပါတယ်။ အစ်မတော်က 'ပူတာရီ ကီဂျိုးရား'၊ ညီမတော်လေးက 'ပူတာရီစီပုတိ'တဲ့။ ညီအစ်မနှစ်ယောက်လုံးဟာ အချောအလှလေးတွေပါပဲ။ ဒါပေမဲ့ ညီမတော်လေးမှာက တစ်စုံတစ်ရာ ထူးခြားမှု ရှိနေတယ်။ သူငယ်ငယ်လေးတုန်းက လက်ညှိုးလေးတစ်ချောင်းကို မတော်တဆ ဝါးရှမိလိုက်တယ်။ ဒီတော့ ဝါးရှမိတဲ့ဒဏ်ရာက သွေးဖြူတွေ ထွက်ကျလာပါသတဲ့။ ဒီအချင်းအရာကို မျက်မြင်ဖြစ်ကြသူတွေ့ 'သွေးဖြူ' ဆိုတဲ့အဓိပ္ပာယ်က 'ပူတာရီစီပုတိ' ဟာ နတ်မျိုးနတ်နွယ်က ဆင်းသက်လာတဲ့ မင်းသမီးလေးဖြစ်တယ်ဆိုတာပါပဲ။ ဒီသွေးဖြူသတင်းက နန်းတွင်းမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါသတဲ့။

တစ်ချိန်တည်းမှာ 'ပူတာရီစီပုတိ' ဟာ နတ်သမီးတစ်ပါးရဲ့ သမီးဖြစ်တယ်ဆိုတဲ့ ကောလာဟလဟာလည်း ချက်ချင်းပျံ့နှံ့သွားပါတော့တယ်။ ဒါတင်မကသေးဘူး ဘုရင်ကြီးက သူလေးကို ဝါးရုံတောမှာ တွေ့ခဲ့တယ်လို့လည်း ပြောနေကြသေးတယ်လေ။ ဒါပေမဲ့...ဘာတွေပဲ

mgyoe.com

mgyoe.com


ပြောကြပါစေ ဘုရင်ကြီးနဲ့မိဖုရားကတော့ 'ပူတာရီစီပုတိ' ဟာ သူတို့ရဲ့ ရင်သွေးအစစ်လို့ပဲ မှတ်ယူထားလိုက်ကြပါတယ်။

တကယ်တော့လည်း သူတို့ဟာ သမီးလေးကို သိပ်ချစ်ကြတယ်။ ဒါကြောင့်လည်း သူတို့စံမြန်းရာ နန်းတော်ကြီးကို သမီးလေးနာမည်စွဲပြီး 'ကိုတာစီပူတိ' (Kota Siputih) လို့ နာမည်ပေးခဲ့ကြတာပါပဲ။

အဲ...နှစ်တွေကြာလာတဲ့အမျှ မင်းသမီးညီအစ်မ နှစ်ယောက်ဟာလည်း ချောမောလှပတဲ့ မိန်းမပျိုလေးများဘဝကို ပိုင်ဆိုင်လာခဲ့ကြတယ်။ သူတို့ အလှဟာ ဝေးနီးဒေသများအထိ ကျော်ကြား လူသိများလာခဲ့တယ်။ ဒါပေမဲ့...ကံအကြောင်းမကောင်းလှစွာပဲ ပူတာရီစီပုတိရဲ့ သဘာဝနဲ့ ဆန့်ကျင်တဲ့သွေးဖြူအကြောင်းဟာလည်း ပင်လယ်ကိုဖြတ်ကျော်ပြီး 'အာချီမင်းနေပြည်' အထိ ပျံ့နှံ့သွားတယ်လေ။

အဲ...တစ်နေ့မှာတော့ အာချီနန်းတော်က တမန်တော်တစ်ယောက် တန်ဖိုးကြီးလက်ဆောင်ပဏ္ဏာတော်တွေနဲ့ ရောက်လာပါရော။ ဒီတော့ ဘုရင် သိပ်ပျော်သွားတာပေါ့။ ဘာကြောင့်လဲဆိုတော့ ဘယ်နိုင်ငံမှ လက်အောက်ခံနိုင်ငံကို လက်ဆောင်ပဏ္ဏာ ပို့ဆက်ရိုး မရှိလို့ပဲ။ မည်သို့ပင်ဖြစ်စေ ဘုရင့်အပျော်ဟာ ခဏအတွင်းမှာပဲ ကြောက်စရာအဖြစ် ပြောင်းသွားပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ပို့လိုက်တဲ့ လက်ဆောင်ပဏ္ဏာတွေထဲမှာ 'ကွမ်းသီးသေတ္တာ' နဲ့ 'လက်စွပ်တစ်ကွင်း' ကို မြင်တွေ့လိုက်ရလို့ပဲ။ ဒီတော့ ဘုရင်က စဉ်းစားတယ်..."ဒါဟာ တစ်ခုခုကို ဆိုလိုတာပဲဖြစ်မယ်"

အဲ...မကြာပါဘူး၊ သူ့ကြောက်စိတ်ဖြစ်မိတဲ့ကိစ္စ မှန်နေတာကို သိရှိလိုက်ရတယ်။ တမန်တော်က လျှောက်တင်ပြီလေ..."အာချီဘုရင်က အရှင်မင်းကြီးကို ရိုသေလေးစားကြောင်း လျှောက်တင်လိုပါတယ်။ ယခု ဆက်သလိုက်တဲ့ လက်ဆောင်ပဏ္ဏာများကို လက်ံပူရီဘုရင်က

mgyoe.com

mgyoe.com


လက်ခံစေလိုပါတယ်။ ဒီပဏ္ဏာတော်တွေကို အရှင့်သမီးတော်နဲ့ လက်ဆက်ဖို့ ဆက်သလိုက်ခြင်းဖြစ်ပါတယ် အရှင်မင်းကြီး" တဲ့။

အာချီဘုရင်လိုလားတာက သမီးကြီးနဲ့ လက်ထပ်ဖို့မဟုတ်ပါဘူး။ 'ပူတာရီစီပူတီ' ကို လက်ထပ်ချင်တာပါ။ တကယ်တော့ 'လက်ာပူရီ' ဟာ အာချီနိုင်ငံတော်ရဲ့ လက်အောက်ခံမျှသာ ဖြစ်ပါတယ်။ ဒီတော့ လက်ာပူရီဘုရင်အနေနဲ့ ရွေးစရာလမ်းမရှိတော့ပါဘူး။ တောင်းဆိုချက်ကို လက်ခံရုံပဲရှိပါတော့တယ်။ ဒါပေမဲ့...လက်ာပူရီဘုရင်က သူ့သမီးတော်လေးကို အဝေးမပို့ချင်ဘူး။ သမီးတော်လေးဟာ သူ့မျက်ရွဲ အချစ်တော်လေး။ ခုလို ငယ်ရွယ်နုနယ်လှချိန်မှာ ဒီလောက်ဝေးဝေး လန်လန်ဒေသကိုပို့လိုက်ဖို့ လုံးဝသည်းမခံနိုင်ဘူး။ ဒါကြောင့် ဒီ ညမှာပဲ ဘုရင်နဲ့သူ့မိဖုရားက သမီးတော်လေး 'ပူတာရီစီပုတီ'ကို သူတို့ မျက်စိအောက်မှာပဲထားဖို့အစီအစဉ်ကို သဘောတူလိုက်ကြတယ်။

အချိန်ဆွဲထားလိုတဲ့အတွက် ဘုရင်က အာချီတမန်တော်ကို ဆင့်ခေါ်ပြီး လက်ထပ်ဖို့ တောင်းဆိုတဲ့ကိစ္စကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြောင်း ပြောပြပြီး–"အာချီဘုရင်လည်း ကျွန်ုပ်က ရိုသေလေးစားပါကြောင်း လျှောက်တင်လိုက်ပါ။ အာချီဘုရင်ရဲ့တောင်းဆိုချက် ဖြစ်တဲ့ ကျွန်ုပ်ရဲ့သမီးတော်နဲ့ လက်ထပ်ဖို့ကိစ္စကိုလည်း ဂုဏ်ယူလက်ခံ ပါတယ်လို့ ထပ်လောင်းလျှောက်ထားပေးပါ" လို့ မှာကြားပါတယ်။ ဒါတင်မက သေးပါဘူး၊ သမီးတော်အတွက် လက်ဖွဲ့ပစ္စည်းတွေ၊ မင်္ဂလာဝတ်စုံတွေ ချုပ်လုပ်ပြီးစီးသွားတဲ့အခါ အာချီကိုသင်္ဘောနဲ့ ရောက်လာပါလိမ့်မယ် လို့လည်း ထပ်ဆင့် ပြောပြလိုက်ပါသေးတယ်"

အဲ...တမန်တော်ပြန်ထွက်သွားတဲ့အခါမှာတော့ ဘုရင်က 'ပူတာရီ ကီဂျိုးရား'ကို ခေါ်ပြီး "ချစ်သမီး အာချီဘုရင်ကတော့ သမီးရဲ့ညီမလေး 'စီပူတီ'ကို လက်ထပ်ဖို့ တောင်းဆိုလာတယ်။ ဒါပေမဲ့...ဖေဖေနဲ့

mgyoe.com

mgyoe.com


မေမေတို့ကတော့ ညီမလေးကိုယ်စား သမီးကြီးသွားလိုက်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သမီးညီမလေးက လက်ထပ်ဖို့ သိပ်ကို ငယ်သေးလို့ပါပဲ သမီး။

ဒီတော့ 'ပူတာရီ ကီဂျိုးရား' က..."ဒါပေမဲ့ အာချီဘုရင်က သမီးဟာ 'စီပူတိ' မဟုတ်မှန်းသေချာပေါက်သိမှာပဲ။ နောက်တစ်ချက်ကတော့ လက်ာပူရီတစ်နိုင်ငံလုံးကို စိုးရွံ့ထိတ်လန့်အောင် ဖန်တီးမယ့် ယောကျ်ားတစ်ယောက်ကိုလည်း သမီးလက်မထပ်လိုဘူး" လို့ ဆန့်ကျင်ကန့်ကွက်စကား ပြောလိုက်တယ်။

"သမီးတော်ကီဂျိုးရား၊ ပြန်စဉ်းစားပါဦး။ သမီးတော်ဟာ 'စီပူတိ' ရဲ့ အစ်မတော်ဖြစ်ရုံသာမကဘူး စီပူတိထက်လည်း ပိုရဲရင့်တယ်။ ပိုသန်စွမ်းတယ်။ ဒါကြောင့် သမီးတော်ဟာ အာချီဘုရင့်မိဖုရားဖြစ်ဖို့ ပိုသင့်တော်တယ်လို့ ခမည်းတော် ယုံကြည်ထားတယ်။ နောက်ပြီး... အာချီက ဘယ်သူမှ သမီးတော်တို့ ညီအစ်မကို မြင်ဖူးကြတာလည်း မဟုတ်ဘူးလေ။ ဒီတော့ ညီအစ်မနှစ်ယောက်ရဲ့ ခြားနားချက်၊ မတူညီမှုတွေကို ဘယ်သူမှ ပြောနိုင်မှာမဟုတ်ပါဘူး သမီးတော်"

ပူတာရီကီဂျိုးရား စိတ်ဓာတ်ကျသွားရရှာတယ်။ ခမည်းတော်ကြီးလည်း သက်ပြင်းခါခါချရတာပဲပေါ့။

"သမီးတော်၊ သမီးတော်အလိုမတူဘဲနဲ့တော့ အာချီကိုသွားဖို့ ခမည်းတော် မတိုက်တွန်းပါဘူး။ တကယ်လို့ သမီးတော်က မသွားဘူးလို့ငြင်းနေရင်တော့ ဘာပဲဖြစ်ဖြစ် ခမည်းတော်မှာ ရွေးစရာလမ်းမရှိတော့လို့ စီပူတိ ကိုပဲ လွှတ်လိုက်ရတော့မှာပေါ့လေ"

မင်းသမီး အတော်ခေါင်းခြောက်သွားရရှာတယ်။ တကယ်တော့ သူလေးက သမီးကောင်း၊ သမီးအလိမ္မာတစ်ယောက်ဖြစ်ချင်ပါတယ်။ သူ့ခမည်းတော်ကြီး အခက်ကြုံနေတာကိုလည်း သိတယ်၊ ဒါပေမဲ့...

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ခမည်းတော်ဟာ သူ့သမီးငယ်ကို ဦးစားပေးတယ်။ မျက်နှာသာပေးတယ်ဆိုတာကို သိလိုက်ရတော့ ရင်နာမိတာလည်း အမှန်ပဲ။ မည်သို့ပင်ဖြစ်စေ...ချစ်တတ်တဲ့အစ်မမို့ ညီမလေးကို တိုင်းတစ်ပါးမှာ စိတ်မချမ်းမသာဖြစ်ရမယ့်အရေးကျတော့ ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့်လည်း "ကောင်းပြီလေ ဘာတွေပဲဖြစ်လာပါစေ...မိသားစုနဲ့ 'လက်ာပူရီ' ကောင်းစားရေးအတွက် လိုအပ်လာရင် ဘာကိုပဲဖြစ်ဖြစ် သမီးလုပ်ပါတော့မယ်" လို့ ဝမ်းနည်းစွာနဲ့ ကတိပေးလိုက်တာပဲပေါ့။

ဒီလိုနဲ့ပဲ 'ပူတာရီကီဂျိုးရား' ဟာ တမန်တော်နဲ့အတူ ခင်ပွန်းလောင်း 'အာချီဘုရင်' ရှိရာကို လိုက်ပါသွားပါတော့တယ်။ တမန်တော်မပြောနဲ့ လက်ာပူရီပြည်သူတွေတောင် သူတို့ညီအစ်မကို သိပ် မြင်တွေ့ခွင့်မရှိတာကြောင့် တမန်တော်ကလည်း သူဟာ ဘုရင့်ဇနီး လောင်းအဖြစ် 'ပူတာရီစီပူတိ' ကိုပဲ ခေါ်လာနိုင်ခဲ့ပြီလို့ သံသယမဲ့ ယုံကြည်နေမိတယ်။


အာချီနိုင်ငံရောက်တော့ သူမရဲ့အလှကို အံ့သြကြတယ်။ နန်းတွင်းသားတွေ၊ မှူးမတ်တွေ၊ နန်းတွင်းသူတွေက တစ်ယောက်နဲ့တစ်ယောက် တီးတိုးပြောကြ၊ တွတ်ထိုးကြ..."အိုး...လှလိုက်တာ။ သူ့ သွေးကြောတွေထဲက သွေးက အဖြူရောင်တဲ့။ သိပ်ကို ချောတာပါပဲနော်။ အာချီနိုင်ငံမှာတော့ သူ့လောက်လှပချောမောသူ တစ်ယောက်မှမရှိဘူး" တဲ့။

မကြာခင်မှာပဲ ဘုရင်မအသစ်ဟာ အာချီနန်းတော်ထဲမှာ သူမရဲ့ ဘဝ အခြေကျသွားပါတယ်။ အဲ...အပြင်ပန်းကြည့်ရင်တော့ သူမဟာ ပျော်သလိုထင်ရပေမဲ့ တကယ်က စိတ်ငြိမ်းချမ်းမှု တစ်စက်ကလေးမှ မရှိပါဘူး။ သူ့ကိုယ်သူ ငါဟာ 'ပူတာရီစီပူတိ' ပဲလို့ သတိပေးနေရရှာတယ်။

အဲ...လက်ာပူရီနန်းတော်ထဲ ပြန်ကြည့်လိုက်ပြန်ရင်လည်း ပူတာရီစီပူတိကလေးက သူ့အစ်မနေရာကို ယူထားရတာပဲလေ။ ဒါကြောင့်

mgyoe.com

mgyoe.com

ဘုရင်ကြီးက "သမီးငယ်၊ သမီးငယ်ရဲ့အစ်မတော်ဟာ အာချီဘုရင့် ဇနီးအဖြစ် သမီးငယ်ရဲ့နေရာကို ယူထားရတယ်နော်။ ဒါဟာ တကယ် တော့ တကယ့်စွန့်လွှတ်မှုကြီးတစ်ခုပဲဖြစ်မယ်။ ဒီကိစ္စကို သမီးငယ် လေးရဲ့ အထိန်းတော်ကလွဲပြီး ဘယ်သူမှ မသိကြဘူးမဟုတ်လား။ အဲ..ဒီကိစ္စ တခြားတစ်ယောက်ယောက်ကသာ သိသွားရင် သမီးတို့ နှစ်ယောက်စလုံး အသက်အန္တရာယ်ရှိနိုင်တယ်နော်" လို့ သတိပေး စကားပြောထားလိုက်တယ်။ နောက်...ဆက်ပြောတာက...

"ဒီတော့ ဘယ်သူပဲမေးမေး သမီးငယ်လေးက 'ပူတာရီကီဂျိုးရား' လို့ပဲ ပြောရမယ်နော်။ နောက်...သမီးငယ်လေးရဲ့ဘဝ လုံခြုံရေးအတွက် အချိန်မရွေး နန်းတော်ထဲက ထွက်ထွက်သွားလို့မဖြစ်ဘူး။ တကယ်လို့ လေကောင်းလေသန့်ရှူချင်ရင်၊ ဥယျာဉ်တော်ထဲ လမ်းထွက်လျှောက် ချင်ရင် ညအချိန်ရောက်တဲ့အထိ စောင့်ရလိမ့်မယ်" ဆိုတဲ့ သတိပေး စကားပါပဲ။

mgyoe.com

mgyoe.com


ဘုရင်နဲ့မိဖုရားတို့က အာချီနန်းတော်နဲ့ အဆက်အသွယ်ရှိတဲ့ တစ်စုံတစ်ယောက်က သူတို့ပုံမှားရိုက်ထားတဲ့ လျှို့ဝှက်ကိစ္စကြီးကို အာချီနန်းတော်ထဲ အရောက်သတင်းပို့လိုက်မယ့်ကိစ္စကိုလည်း စိုးထိတ်နေကြတယ်လေ။ ဒါကြောင့် ဘုရင်နဲ့အပေါင်းပါတို့က ပူတာရိကီဂျိုးရား ခမျာ သူ့ညီမတော်လေးနဲ့ခွဲခွာနေရလို့ စိတ်ဓာတ်ညှိုးငယ်ပြီး ထူးဆန်းတဲ့ဝေဒနာအမျိုးမျိုးကို ခံစားနေရရှာတယ်။ ဒါကြောင့် နေ့ခင်းပိုင်းမှာတောင် သူ့အခန်းထဲက မထွက်စေဘဲ ထားရတယ်လို့ လက်ာပူရီ နန်းတွင်းမှာ သတင်းလွှင့်လိုက်ကြရပါသေးတယ်။

ဒီလို ဘောင်ခတ်ခံထားရတယ်လို့ ထင်မိပေမဲ့ 'ပူတာရိစိပူတိ' လေးကတော့ သူ့အစ်မတော်ရဲ့ စွန့်လွှတ်မှုအတွက် ကျိတ်ချီးကျူးနေမိတယ်။ ဒါကြောင့်လည်း သူတို့ညီအစ်မအတွက် လုံခြုံစိတ်ချရမယ့်ကိစ္စတိုင်းကို ပိပိရိရိလုပ်ဆောင်ခဲ့တာပဲ။ ဒီလိုနဲ့ မင်းသမီးနဲ့ သူ့ အထိန်းတော်ဟာ နေ့ခင်းမှာအိပ်ပြီး တစ်ညလုံး လရောင်ထဲထွက် နန်းတော်ဥယျာဉ်ထဲမှာပဲ အချိန်တွေကုန်လွန်စေခဲ့ကြတယ်။

ဘုရင့်ညွှန်ကြားချက်နဲ့ ဥယျာဉ်ထဲမှာ ညရှစ်နာရီပန်းပင်တွေ၊ တန်ဂျန်ပန်းပင်တွေ၊ သစ်ခွ၊ စံပယ်–အို ပန်းမျိုးစုံ စိုက်ပျိုးထားတယ်။ ရေကန်ထက်မှာလည်း မွှေးရနံ့ကြိုင်တဲ့ ရေကြာပန်းပင်တွေက ပေါလောပေါ်လို့။ လရောင်အောက်မှာ ကြာပန်းတွေ ပွင့်နေလိုက်ကြတာကလည်း မျက်စိပသာဒရှိလိုက်ပါဘိ။ ညညများမှာဆိုရင် လေညင်းလေးက တသုန်သုန်တိုက်ခတ်လို့။ မှောင်ရီပိုးတဝါးအချိန်မှာ အရောင်မျိုးစုံပန်းကလေးတွေက ခပ်မှိန်မှိန်လင်းလက်လို့။ သူတို့ရဲ့ မွှေးရနံ့လေးတွေနဲ့ ညဉ့်လေညင်းကို သင်းပျံ့စေလို့။ မင်းသမီးဟာ တဖျတ်ဖျတ်တောင်ပံခတ်ပြီး လူးလားပျံသန်းနေကြတဲ့ တစ္ဆေလိုလို ပိုးကောင်လေးတွေကို စောင့်ကြည့်မြဲပေါ့။ နောက်ပြီး...ညဉ့်ကောင်း

mgyoe.com



mgyoe.com



ကင်ထဲက မိုတ်တုတ်မိုတ်တုတ်ပိုးစုန်းကြူးကလေးတွေနောက်လည်း သူ့အကြည့်က လိုက်နေသေးတာပဲလေ။

တစ်ည အဲဒီလိုဥယျာဉ်ထဲ လှည့်လည်နေခိုက် ပူတာရီစီပူတိက သူ့အထိန်းတော်ကို "ဒေယန်း ငါ့အတွက်နဲ့ ညည်းဒီလိုထီးတည်း ကြီးနေရတာအတွက် ငါစိတ်မကောင်းဘူး"လို့ ပြောလိုက်တယ်။

ဒီတော့ အထိန်းတော်က "သခင်မ၊ သခင်မကို ခုလိုလုပ်ကျွေးပြုစုနေရတာဟာ ကျွန်မအတွက် ဂုဏ်ယူစရာပါ။ ကျွန်မအတွက်တော့ ဒါဟာ တစ်ခုတည်းသောဘဝလို့ပဲ သိထားပါတယ်" လို့ပဲ ပြန်လည်ပြောပြလိုက်ပါတယ်။

လရောင်အောက်မှာ လှည့်လည်သွားလာနေတဲ့ တွေ့မြင်ရခဲ့တဲ့ မင်းသမီးကို ဖျတ်ခနဲမြင်လိုက်မိတဲ့ နန်းတွင်းသူ နန်းတွင်းသားတွေကတော့ သူလေးကို 'ပူတာရီလင်ဒန်ဂန်ဘူလန်' သို့မဟုတ် 'ပုန်းကွယ်နေတဲ့ လမင်းသမီး' (Princess Hidden Moon) လို့ ခေါ်လာကြတယ်။ နောက်ပိုင်းတော့ သူလေးရဲ့ပုံပန်းသဏ္ဌာန် အပြင်အဆင်လေးတွေကြောင့်ပဲလား မသိဘူး။ သူမရဲ့ နာမည်ရင်းကိုတောင် မေ့ပျောက်သွားကြပြီး 'ပူတာရီလင်ဒန်ဂန်ဘူလန်' လို့ပဲ ညွှန်းဆိုကြတော့တယ်။

မည်သို့ပင်ဖြစ်စေ နောက်ပိုင်း လအတော်လေးကြာလာချိန်မှာ တော့ သူလေးရဲ့ဘဝမှန်က ဘူးပေါ်သလိုပေါ်လာပါတော့တယ်။ တစ်နေ့မှာ တော့ သူဟာ ကွမ်းသီးကို ဓားတစ်လက်နဲ့ခွဲခိုက် လက်ကို လှီးမိသွားတယ်လေ။ မင်းသမီးဟာ ဓားရှသွားတဲ့လက်ကို ခပ်မြန်မြန် ဖုံးဖိလိုက်ပါသေးတယ်။ ဒါပေမဲ့ နောက်ကျခဲ့ပါပြီ။ ဓားဒဏ်ရာက ကျလာတဲ့ သွေးနီတွေကို အာချီဘုရင်က မြင်လိုက်ပြီလေ။



"မင်းဘယ်သူလဲ၊ မှန်မှန်ပြောစမ်း၊

mgyoe.com

mgyoe.com




ပူတာရီဆီပူတီရဲ့သွေး ဖြူတယ်ဆိုတာ အကျော်ဒေးယျ လူတိုင်းသိနေကြတာပဲ။ မင်းဟာ ပူတာရီဆီပူတီ မဖြစ်နိုင်ဘူး။ တခြားတစ်ယောက်ပဲ။ ကဲ ပြော အမှန်အတိုင်းမပြောရင် သတ်ပစ်မယ်" လို့ ဘုရင်က တောင်းဆိုပါလေရော။

ပူတာရိကီဂျန်းရာ သွေးဆုတ်သွားရှာတယ်။ ကြောက်စိတ်လွန်ကဲမှုကြောင့် မေ့မတတ်ဖြစ်သွားရှာတယ်။ "အရှင်မင်းကြီး ကျွန်မတောင်းပန်ပါတယ်။ ကျွန်မဟာ ပူတာရီဆီပူတီရဲ့ အစ်မ ပူတာရီကီဂျန်းရာ ဖြစ်ပါတယ်။ ကျွန်မတို့အဖေက ညီမလေးနဲ့ မခွဲနိုင်ပါဘူး။

mgyoe.com

mgyoe.com


ဒါနဲ့ ကျွန်မဟာ ညီမလေးနေရာကို ဝင်ယူရတာပါ အရှင်မင်းကြီး"

ဒီလို လျှောက်တင်လိုက်တော့ အာချီဘုရင် ဒေါသအမျက် ခြောင်းခြောင်းထွက်သွားတယ်။ လက်ာပူရီဘုရင်က သူ့ကို တစ်ပတ်ရိုက်လိုက်တာပဲလို့ ထင်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် သူက ပူတာရီကီဂျိုးနားကိုလည်း သိပ်မြတ်နိုးနေမိတာမို့တစ်ကြောင်း၊ မင်းသွေးအစစ်ဖြစ်နေတာကတစ်ကြောင်း အသက်ကိုချမ်းသာပေးလိုက်တယ်။ ဒါပေမဲ့ လက်ာပူရဘုရင်ဟာ သူ့ဂုဏ်သိက္ခာကို ဒဏ်ရာဒဏ်ချက် ရစေခဲ့ပြီ။ လှည့်စားမှုအတွက်တော့ ထိုက်တန်တဲ့ ပြစ်ဒဏ်ခတ်ခံရမှာပဲ။ ဒီအတွေး၊ ဒီဆုံးဖြတ်ချက်နဲ့ စစ်သားတွေစုပြီး လက်ာပူရီကို တိုက်ခိုက်ဖို့ စေလွှတ်လိုက်တော့တာပဲ။

ဒါပေမဲ့ ဆီပူတီနန်းတော်က တောင်ကုန်းပေါ်မှာ တည်ဆောက်ထားတာလေ။ နောက်ပြီး နံရံလို ဥယျာဉ်နဲ့ လေးဘက်လေးတန် ကာရံထားတာဆိုတော့ အာချီစစ်သည်တော်တွေကို အတော်ကြာအောင် ခုခံထားနိုင်ကြတယ်။ ဒါပေမဲ့ အချိန်ကြာလာတဲ့အခါ နန်းတော်ကိုသိမ်းတော့မယ်ဆိုတော့ လက်ာပူရီဘုရင်ဟာ သူ့သမီးအသက်အတွက် စိုးရိမ်ထိတ်လန့်လာတယ်။

နောက်ဆုံးမှာ ဘုရင်က သာမန်အရပ်သားတွေ ဝတ်တဲ့ အဝတ်အစားမျိုးတွေနဲ့ ဝတ်ဆင်ပြီး လျှို့ဝှက်လမ်းကနေ ထွက်ပြေးသွားတယ်။ သူနဲ့အတူ ပူတာရီဆီပူတီနဲ့ အထိန်းတော်ကြီးကိုပါ တစ်ပါတည်းခေါ်သွားတာပေါ့။ နောက်ဆုံးတော့ သူတို့သုံးဦး "ကာရင်ဂျီ" သစ်ပင်ရိပ်အောက်က လူငယ်လေးဆီ ရောက်သွားကြတယ်။ သစ်ပင်ရဲ့သစ်ရွက်သစ်ခက်တွေက လူငယ်လေးကို စူးရဲတဲ့နေရောင်မထိုးလောက်နိုင်အောင် အကာအကွယ်ပေးထားတယ်။

ခုထိစစ်ပွဲကတော့ ဆက်ဖြစ်နေဆဲပဲ။ ဒါပေမဲ့ လက်ာပူရီ မကျ

mgyoe.com

mgyoe.com


သေးဘူး။ ဒါကြောင့်လည်း ဘုရင်ဟာ နေ့စဉ်နေ့တိုင်း နန်းတော်ပြန်ပြီး စားစရာတွေ၊ သောက်စရာတွေကို ပြန်ပြန်ယူခိုင်းတာပေါ့။ ဒါပေမဲ့ နောက်ဆုံးကျတော့ မြို့ခံတပ်ကျသွားလို့ ဘုရင်က အစာရေစာယူ အပြန်မှာ အာချီစစ်သားတစ်ယောက်က သတ်ဖြတ်လိုက်တယ်။ မသေခင်မှာ သူ့သမီးတော်လေးအမည်ကို ဖွဖွလေးတမ်းတမ်းတတ ခေါ်နေရှာတယ်။

ဂူထဲမှာတော့ ပူတာရီဆီပူတီလေးဟာ စားစရာနဲ့သောက်စရာတွေကိုယူလာမယ့် သူ့ဖခင်ကြီးကို တမျှော်မျှော်တစောင့်စောင့်နဲ့ပေါ့။ ဒါပေမဲ့ ဖခင်ကြီးခမျာ ဘယ်တော့မှ ပြန်မလာနိုင်ရှာတော့ပါဘူး။ အင်းခုတော့လည်း လရောင်တောင်ကိုထိုးဖောက်မကျရောက်နိုင်တဲ့ ဂူထဲမှာ သူလေးပုန်းအောင်းနေရရုံကလွဲလို့ ဘာမှမလုပ်နိုင်ရှာတော့ပါဘူး။ မျှော်သာမျှော် ပေါ်မလာတာကြာသွားတော့ မင်းသမီးလေး အားငယ်လက်လျှော့လိုက်သံမျိုးနဲ့ "အထိန်းတော်ကြီးရေ၊ အဖေသေသွားပြီလားမသိဘူးနော်" လို့ ငိုရှိုက်သံလေးနှော ပြောမိလိုက်ပါတော့တယ်။

နောက်ဆုံးတော့ ပူတာရီမင်းသမီးလေးနဲ့ သစ္စာရှိလှတဲ့ သူ့အထိန်းတော်ကြီးတို့ဟာ အစာငတ်ရေငတ်ပြီး လူတွေမတွေ့နိုင်တဲ့ လိုဏ်ဂူထဲမှာ သေပွဲဝင်သွားကြရှာတယ်။ လက်ာပူရီကို သိမ်းပိုက်ပြီး ရက်အတော်ကြာသွားတဲ့အခါ နန်းတော်အစေခံအချို့က တောင်ကုန်းအနှံ့ ပိုက်စိပ်တိုက်ပြီး သူတို့ကိုရှာဖွေကြတယ်။ နောက်ဆုံး သစ်ပင်တွေ ဖုံးအုပ်နေတဲ့ဂူလေးကို တွေ့သွားကြပါတယ်။ ဒါပေမဲ့ မင်းသမီးလေးရော သူ့အထိန်းတော်ကြီးပါ ဂူလေးထဲမှာ မရှိကြတော့ပါဘူး။ သူတို့ဟာ လေထဲမှာပဲ ကွယ်ပျောက်သွားခဲ့ကြပါပြီ။ ။

**Princess Hidden Moon** ကို ပြန်ဆိုပါတယ်။

mgyoe.com





## ပန်းမျက်ရည် နတ်သမီးလေး

လထိန်ထိန်သာတဲ့ညမှာ အချောအလှနတ်သမီးလေးခုနစ်ပါး 'ကယဂန်' ကနေ ဆင်းသက်လာကြတယ်။ သူတို့လေးတွေ ခုလို တစ်လတစ်ကြိမ် ဆင်းသက်လာကြတာက တောအုပ်ကြီးအလယ်မှာ ရှိတဲ့ ချစ်စရာရေကန်ထဲမှာ ရေချိုးဖို့၊ ပျော်ပျော်ကြီးရေကူးကြဖို့ပါပဲ။ သူတို့ရေကူးချိန်က လပြည့်ဝန်းကြီးရဲ့ ထိန်ထိန်ဝင်းနေတဲ့ ငွေရောင်အောက်မှာပေါ့။ ဒီရေကန်ရဲ့ ကျောက်သလင်းလို ကြည်လင်အေးမြတဲ့ ရေတွေဟာ အနီးအနားမှာတည်ရှိတဲ့ ကျောက်တောင်တစ်ခုက ဖြာကျလာတာပါပဲ။ ဒီကန်ထဲကရေဟာ အမြဲအေးမြနေတယ်။ အပူဆုံးညတွေမှာတောင် ကန်ရေဟာ အေးမြအေးနေတာပါပဲ။ ဒီရေကန်အလှနဲ့ ယှဉ်လိုက်ရင် အချောအလှနတ်သမီး ညီအစ်မခုနစ်ဖော်ရဲ့အလှက ပိုမှေးမှိန်သွားတယ်လို့တောင် ထင်ရပါသတဲ့။

အဲ–နတ်သမီးညီအစ်မခုနစ်ဖော် ရေကန်အနားရောက်လာတာနဲ့ အဝတ်အစားတွေ၊ မှော်ဆန်တဲ့ 'ဆလဲန်းဒန်း' (Selendan) လက်ဝတ်လက်စားတွေချွတ်ပြီး ရေကန်ထဲဆင်းကြတော့တာပဲ။ ရေကန်ထဲမှာ

mgyoe.com




mgyoe.com

ပျော်ပျော်ကြီး ရေကူးကြ၊ ကစားကြပြီးရင်တော့ သူတို့ဌာနေကို ပြန်ကြဖို့ ဆုံးဖြတ်ကြပြီ။ သူတို့လေးတွေ 'ကယန်ဂန်' ကို နေမထွက် ခင် ပြန်ကြရမယ်လေ။ မပြန်နိုင်ကြရင်တော့ သူတို့ဟာ မှော်ဆန်တဲ့ သူတို့လောကဆီ ရောက်အောင် ဖြတ်သန်းပြန်နိုင်ကြတော့မှာ မဟုတ်ဘူးလေ။

အခု ပြန်ကြတော့မယ့် နတ်သမီးလေးခြောက်ယောက်ကတော့ ချွတ်ထားတဲ့ အဝတ်အစားတွေကို ပြန်ဝတ်ပြီး သွားကြပါပြီ။ ဒါပေမဲ့ ခုနစ်ယောက်မြောက်အငယ်ဆုံးနတ်သမီးလေးကတော့ သူ့အဝတ်အစားတွေ ဘယ်မှာထားမိမှန်းမသိ ဖြစ်နေရှာတယ်။ သူဟာ ညီမ အငယ်ဆုံးလည်းဖြစ်သလို သူ့အစ်မတွေနဲ့ ရေချိုးဖို့ ပထမဆုံးအကြိမ် လိုက်လာသူလေးလည်း ဖြစ်ပါတယ်။ နတ်သမီးလေးဟာ ရေကန်ပတ်လည်မှာ နေရာအနှံ့ လိုက်ရှာတယ်။ ဒါပေမဲ့...ဘယ်မှာမှ ရှာမတွေ့ဘူး။ အင်း– အခက်တော့ကြုံရပြီ။ အဝတ်အစားတွေမပါဘဲနဲ့တော့ သူလေး 'ကယန်ဂန်' ကို ဘယ်လိုမှ ပြန်နိုင်တော့မှာ မဟုတ်ပါဘူး။

ဟော...တဖြည်းဖြည်းနဲ့ နေတောင်ထွက်လာခဲ့ပါပြီ ဆက်နေလို့

mgyoe.com


mgyoe.com
mgyoe.com



mgyee.com

mgyoe.com


လည်း မဖြစ်နိုင်တော့လို့ သူ့အစ်မတော်များက ပြန်ကြဖို့ နှုတ်ဆက်ကြရပြီ။ ပြန်ချိန်တန်လို့မှ မပြန်ကြရင် မြေကမ္ဘာထောင်ချောက်ထဲမှာပဲ အမိခံကြရတော့မှာကိုး။ အစ်မတွေပြန်ကြတော့ သူလေးတစ်ယောက်တည်း ကျန်ခဲ့ရရှာပြီပေါ့။ အထီးကျန်ဖြစ်သွားရတော့ သစ်ပင်အောက်မှာ ထိုင်ငိုမိရှာတယ်။ တအားလည်း ကြောက်နေမိရှာတယ်။

ရေကန်နဲ့မနီးမဝေးမှာ 'နီနက်ကီးဗေယန်' ဆိုတဲ့ အဘွားအိုတစ်ယောက် တဲလေးတစ်လုံးထိုးနေနေတယ်။ သူဟာ နံနက်တိုင်း တောထဲထွက် ထင်းခွေတတ်တယ်။ အင်း...ကနေ့မနက်မှာတော့ စောစောစီးစီး ကျေးငှက်ကလေးတွေအော်မြည်သံနဲ့အတူ ငိုရှိုက်သံလေးကိုပါ အမှတ်မထင်ကြားလိုက်မိတယ်။ ငိုရှိုက်သံနောက် ခြေရာခံလိုက်တော့ နုနယ်ပျိုမျစ်တဲ့ မိန်းမချောကလေးမျက်ရည်စက်လက် ငိုရှိုက်နေတာကို အမှတ်မထင် တွေ့လိုက်ရတယ်လေ။ မြင်မြင်ချင်းမှာပဲ 'နီနက်ကီး ဗေယန်' က သူလေးဟာ သစ်တောထဲ လမ်းလျှောက်နေတဲ့ မင်းသမီးကလေးပဲလို့ ထင်မှတ်လိုက်မိတယ်။

"မြေးလေး၊ လမ်းပျောက်နေသလားကွဲ့။ အင်း...နန်းတော်ကထွက်လာပြီး သင်းကွဲသွားတာဖြစ်မယ်လို့ အဘွားထင်မိတယ်"

ဒီတော့ နတ်သမီးလေးက "ကျွန်မက ဟိုး...အဝေးကြီးမှာနေပါတယ်။ မနေ့ညက ရေကန်ထဲ ရေဆင်းချိုးနေတုန်း ကျွန်မအဝတ်အစားတွေ ပျောက်ဆုံးသွားပါတယ်။ အဝတ်အစားတွေ၊ 'ဆလဲန်းဒန်း' တွေ မပါဘဲနဲ့ ကျွန်မဘယ်လိုမှ ပြန်လို့မဖြစ်ပါဘူး" လို့ ငိုရှိုက်ရင်း ပြောပြလိုက်တယ်။

သူလေးစကားကြားလိုက်ရတော့ 'နီနက်ကီးဗေယန်' ဇဝေဇဝါဖြစ်သွားရတယ်။ ဒါပေမဲ့...အဘွားအိုက သူလေးကို စိတ်သက်သာရာသက်သာကြောင်းဖြစ်စေလိုလို့ "ဒီနေရာမှာ သမီးလေးတစ်ယောက်

mgyoe.com

mgyoe.com


တည်း နေလို့မဖြစ်ဘူးလေ။ ဒီတော့ ပြန်လည်မတွေ့မချင်း အဘွား အိမ်မှာ လိုက်နေပါ" လို့ ဖိတ်မန္တကပြုလိုက်တယ်။

သနားစရာမင်းသမီးကလေးမှာ ရွေးစရာလမ်းမှာလည်းမရှိတော့လို့ အဘွားအိုကမ်းလှမ်းချက်ကို လက်ခံလိုက်ရပါတော့တယ်။ အဲ... အဘွားအို တဲလေးထဲရောက်သွားတာနဲ့ မင်းသမီးလေး ခြေပစ်လက်ပစ် အိပ်လိုက်တယ်။ အဲဒီညက အဘွားအို အိပ်မောကျသွားချိန်အထိ မင်းသမီးလေး မနိုးတော့ပါဘူး။ ခဏကြာသွားလို့ နိုးလာခါမှ တဲထဲက ခြေဖွထွက်လာခဲ့ပြီး သစ်တောထဲလှည့်ပတ် သူ့အဝတ်အစားလေး တွေကို ရှာတယ်။ ရှာလို့မောတော့ ရေကန်ထဲဆင်းရေချိုး။ ပြန်လန်း ဆန်းလာတော့ ဆက်ရှာ။ ဒါပေမဲ့...ဘယ်မှာမှ ရှာမတွေ့ပါဘူး။ ရှာ မတွေ့တော့ သစ်ပင်အောက် ထိုင်ငိုရှာတယ်။ မနက်မိုးသောက် အလင်းရောက်ခါမှ အိပ်ရာကနိုး တဲကလေးဆီပြန်။

အဘွားကတော့ အရဏ်ကျင်းတာနဲ့ အိပ်ရာက ထမြဲပေါ့။ ထ လာတာနဲ့ မင်းသမီးကလေးတဲထဲမှာ ရှိ မရှိ လုံးဝသတိမပြုဘဲ ထင်းခွေ ထွက်သွားတော့တာပါပဲ။ ဒါပေမဲ့...မင်းသမီးလေး အိပ်စက်ခဲ့တဲ့ သစ်ပင် အောက်ရောက်လာတဲ့အခါ အဘွားအိုတစ်ကိုယ်လုံး အံ့ဩဖွယ် မွှေးရနံ့ တွေနဲ့ ထုံသင်းကြိုင်လှိုင်သွားတော့တာပဲ။ ဒီအခါမှာ အညို့ ခံလိုက် ရသလိုပဲ အဘွားအိုဟာ လျှို့ဝှက်ဆန်းကျယ်တဲ့ မွှေးရနံ့လာရာ ဘက်ကို လျှောက်သွားတော့တာပဲ။ အဲဒီလို လျှောက်သွားတော့ နောက်ဆုံးမှာ မွှေးပျံ့သင်းကြိုင်တဲ့ အဝါဖျော့ရောင်ပန်းပွင့်တွေဖုန်းလွှမ်းနေတဲ့ မြေပြင် ကို တွေ့လိုက်ရတယ်။

ဒီမှာတင် အဘွားအိုဟာ ထွက်လာရင်းကိစ္စဖြစ်တဲ့ ထင်းရှာဖို့ကို လုံးဝမေ့သွားပြီး ပန်းပွင့်တွေကို တစ်ပွင့်မကျန် ကောက်တော့တာပဲ။ သူ့ခေါင်းကို ရစ်ပတ်ထားတဲ့ အဝတ်စကိုဖြည်ချလိုက်ပြီး ပန်းတွေ

mgyoe.com

mgyoe.com


ထည့်တယ်။ တွေ့သည့်ပန်းတွေ ကောက်ထည့်ပြီးမှ တဲကို အမြန်ပြန်လာခဲ့တယ်။ ရောက်တာနဲ့ မင်းသမီးကိုရှိုးပြီး "ဒီမှာ သိပ်ကိုချစ်စရာကောင်းတဲ့ ပန်းကလေးတွေကိုကြည့်ပါဦး။ ကနေ့မနက် အဘွား ကောက်လာခဲ့တာလေ။ ဒီပန်းပွင့်လေးတွေနဲ့ အဘွားတို့ပန်းကုံးလုပ်ပြီး ဈေးကောင်းကောင်းနဲ့ ရောင်းရမယ်နော်"လို့ ဝမ်းသာအားရ ပြောပြတယ်။

အစ်မတော်တွေက သူလေးကို ချန်ထားခဲ့ပေမဲ့ ဒီနတ်သမီးလေးကတော့ အဘွားအိုကို ကူညီရလို့ပျော်နေပါတယ်။ သူလေးက ကျွမ်းကျင်လိမ္မာတဲ့ လက်ချောင်းကလေးတွေနဲ့ ပန်းကလေးတွေကို ပန်းကုံးလုပ်တယ်။ အဘွားအိုက ရွာဈေးကို သွားရောင်းတယ်။ ဒီတော့ သူဌေးကတော်တွေ၊ သူဌေးသမီးတွေက ဈေးပိုပေးပြီး ဝယ်ကြတာပေါ့။ ဒီရနံ့ ကြိုင်လွန်းလှတဲ့ ပန်းကလေးတွေကလည်း မှော်နဲ့ပြုစားထားတဲ့ အတိုင်းပဲ မိန်းမကြီးတွေကို လုံးဝဆွဲဆောင်နိုင်ကြတယ်လေ။

ရောင်းလို့ရလာတဲ့ငွေပိုလေးနဲ့ 'နီနက်ကီးဇေယန်' ဟာ သူကိုယ်တိုင်အတွက်ရော၊ လျှို့ဝှက်ဆန်းကြယ်တဲ့ ဧည့်သည်မိန်းကလေးအတွက်ပါ လုံလုံလောက်လောက်ငွေတွေရနေလေတော့ သူ့ခမျာ ဝမ်းသာရှာတာပေါ့။ နောက်တစ်ကြောင်းကလည်း သူ့အနေနဲ့ ခုလို ငွေမျိုးကို ဘယ်တုန်းကမှ လွယ်လွယ်ကူကူ မရခဲ့ဖူးဘူးမဟုတ်လား။

ဒါပေမဲ့...အဘွားအိုဟာ ကနေ့အထိ မင်းသမီးကလေးရဲ့နာမည်ကို မသိရသေးပါဘူး။ သူ့အထင်ကတော့ ဒီမိန်းကလေးဟာ သူ့နာမည်ကို လူစိမ်းတွေမသိရအောင် ပိတ်ပင်ခံထားရသလားဆိုတာပါပဲ။ သူကြားဖူးထားတာတစ်ခုကလည်း ရှိနေတယ်လေ။ ဘာလဲဆိုတော့ သူ (သို့) သူမရဲ့ တကယ့်နာမည်အစစ်အမှန်ကို လူတစ်ယောက်က သိသွားရင် ကျိန်စာ အလွယ်တကူသင့်နိုင်တယ်ဆိုတာပဲပေါ့။

အဲ–ဒီနေ့ညမှာလည်း မင်းသမီးလေးဟာ အိပ်ရာထတာနဲ့ နတ်သမီး

mgyoe.com

mgyoe.com


အဝတ်တန်ဆာတွေဝတ်ပြီး အိမ်လေးထဲက လစ်ထွက်ခဲ့တယ်။ နောက်... ရေတံခွန်ဘက်လျှောက်သွားပြီး ရေချိုး။ ရေချိုးပြီး သူ့ လက်ဝတ်တန်ဆာတွေ၊ အဝတ်တွေကိုထပ်ရှာ၊ မတွေ့ပါဘူး။ ဒီတော့ သစ်ပင်အောက်မှာ ထိုင်ချလိုက်ပြီး စိတ်ပျက်လက်ပျက် ငိုတော့တာပေါ့။ နောက်..."ငါ့ကို ဘာဖြစ်လို့များ ဘယ်တစ်ယောက်ကမှ လာမကူညီကြတာလဲ၊ ငါ့အစ်မတွေက ငါ့ကိုမေ့နေကြပြီလား"လို့ ဝမ်းပန်း တနည်း ရေရွတ်မိရှာပြန်တယ်။

ဟိုစဉ်နေ့ရက်များကလို နေအလင်းရောင်ပေါ်ထွက်လာတာနဲ့ မင်းသမီးလေးဟာ ထိုင်ရာကထပြီး တဲငယ်လေးဆီ လမ်းလျှောက်ပြန်လာခဲ့တယ်။ သူလေးပြန်ရောက်ချိန်ဟာ အဘွားအိုက သူနေ့စဉ်အလုပ်ဖြစ်တဲ့ ထင်းခွေအလုပ်မစခင်လေးပေါ့။ ဒီလိုပြန်လာတဲ့အခါတိုင်းမှာ လေထဲက ပျံ့လွင့်လာတဲ့ပန်းရနံ့ကြောင့် အဲဒီသစ်ပင်အောက်အရောက်သွားရပြန်တယ်။ သစ်ပင်အောက်ရောက်တော့လည်း အဝါရောင်ဖျော့ဖျော့ပန်းတွေက မြေပြင်ပေါ်မှာ ပြန့်ကျဲလို့နေမြဲပဲ။

မင်းသမီးလေး အိပ်ရာကနိုးလာတိုင်း မွှေးကြိုင်တဲ့ပန်းပွင့်တွေနဲ့ ပန်းကုံး၊ ပန်းစည်းလေးတွေ လုပ်နေတဲ့ အဘွားအိုကို ကူညီတော့တာပဲ။ ပြီးရင် အဘွားအိုက ရွာဈေးထဲ အပြေးအလွှားသွားရောင်းပေါ့။ အဘွားက ပန်းကုံးတွေသွားရောင်းနေခိုက်မှာ မင်းသမီးလေးက မလတ်ဆတ်တဲ့၊ ညှိုးရော်နေတဲ့ပန်းတွေကိုစုပြီး နေလှန်းတယ်။ ဒါ သူလေး ပြန်မအိပ်ခင် လုပ်မြဲအလုပ်ပဲလေ။ အဘွားကလည်း ပန်းရောင်းလို့ရတဲ့ပိုက်ဆံနဲ့ မင်းသမီးလေးအတွက် ရောင်စုံပါတိတ်၊ အင်ဒိုနီးရှားလုံချည်လေး ဝယ်ပေးတယ်။ လက်ဆောင်ရတော့ မင်းသမီး ကလေး သိပ်ပျော်တာပေါ့။ လုံချည်ကိုလည်း ချက်ချင်းကောက်ဝတ် လိုက်တယ်လေ။

နောက်ပိုင်းမှာ မင်းသမီးလေးက ပန်းခြောက်တွေကို အုန်းဆီထဲ

mgyoe.com

mgyoe.com


ထည့်စိမ်တယ်။ ဒီတော့ ပန်းရနံ့တွေက အုန်းဆီထဲရောက်သွားတာပေါ့။ မင်းသမီးလေးက ရှင်းပြတယ်။ "ဒီဆီနဲ့ဆံပင်ကိုလိမ်းရင် ဆံပင်ဟာ အုံ့ဩစရာကောင်းလောက်အောင် မွှေးကြိုင်နေတယ်။ ဆံပင်ဟာလည်း ပိုးသားလို တောက်ပဝင်းလက်နေတယ်။ ဒီတော့...ဘွားဘွား ကျွန်မတို့ ရေမွှေးဆီထပ်ထုတ်ပြီး ရောင်းကြမယ်လေ"

အဘွားကလည်း ရေမွှေးဆီထုတ်ယူတဲ့နည်းကို ကျွမ်းနေလေတော့ "သိပ်ကောင်းတဲ့ စိတ်ကူးပေါ့သမီးရဲ့။ နောက်...သမီးကလည်း အဘွားကို ဒီမွှေးကြိုင်သင်းပျံ့တဲ့ပန်းတွေအသုံးပြုနည်းကို ပြောပြထားသေးတယ် မဟုတ်လားကွဲ့" လို့ ကျေနပ်အားရပုံမျိုးနဲ့ ပြန်ပြောလိုက်ပါသေးတယ်။

နောက်နေ့မှာ 'နီနက်ကီဗေယန်' က ဆန်မှုန့်မွှေးနဲ့ဆီကို ရွာဈေးမှာရောင်းဖို့ ယူလာခဲ့တယ်။ ယူလာခဲ့တဲ့ပစ္စည်းလေးတွေ ခဏချင်းပဲ အကုန်ရောင်းလိုက်ရတယ်။ ဒါကြောင့် လုံချည်တစ်ထည်ကိုတောင် လိုရမည်ရဝတ်ဖို့ ဝယ်လိုက်နိုင်ပါတယ်။ ဒါကြောင့် ခုတော့...ဆန်မှုန့်မွှေးနဲ့ အုန်းဆီအတော်များများဝယ်ယူနိုင်ပြီပေါ့။ ဒါတွေကို သူ စ,သုံးကြည့်တော့လည်း ပိုငယ်သွားသလို ထင်လိုက်ပြန်တယ်။ သူ့ ဆံပင်တွေကလည်း ဟိုစဉ်ကထက် ပိုနက်လာတာအမှန်ပဲ။

သည်ပုံစံအတိုင်းဖြစ်နေခဲ့တာ ရက်အတော်လေးကြာလာခဲ့ပါပြီ။ ဒီလိုကြာလာတော့ 'နီနက်ကီဗေယန်' သံသယဖြစ်လာတယ်။ ဒီ မိန်းကလေးနဲ့ လျှို့ဝှက်ဆန်းကြယ်လှတဲ့ ဒီပန်းတွေ တစ်နည်းမဟုတ် တစ်နည်း ဆက်နွယ်ပတ်သက်နေသလား။ ဒါပေမဲ့...သူက သူ့ဧည့် သည်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်ရောက်စွက်ဖက်လိုစိတ် လုံးဝ မရှိဘူး။ တစ်ခါတစ်ခါမှာတော့ ဒီမိန်းမပျိုလေး ညှိုးမှိုင်နေတာ၊ လွမ်း ဆွေးနေတာကို သတိပြုမိတယ်။ တစ်ခါတစ်ခါကျတော့ သူ့နားမှာ ဘယ်သူမှမရှိဘူးလို့ထင်တဲ့အခါ သက်ပြင်းမောလေးချလိုက်တတ်တာ

mgyoe.com

mgyoe.com


ကိုလည်း အမှတ်မထင်မြင်မိလိုက်တယ်။

အဲ–တစ်ညတော့ 'နီနက်ကီဗေယန်' နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပြန် ဆောင်နေလိုက်တယ်။ ဒီလိုဟန်ဆောင်ရတာ သူ့အတွက် သိပ်တော့မလွယ်လှပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်နေကုန် အလုပ်လုပ်နေခဲ့ရလေတော့ အမြဲလိုလို မောပန်းနေရတာကိုး။ ဒီတော့ နိုးနေအောင် အထူးဂရုစိုက်အာရုံစူးစိုက်ထားရတာကိုး။ အဲ–ညသန်းခေါင် အချိန်ရောက်လာတော့ တဲလေးထဲကနေ ဒီမိန်းကလေး တိတ်တဆိတ် ထွက်သွားသံကြားလိုက်ရတော့မှ လှုပ်ရဲတော့တယ်။ အင်း–အဘွားအို ချက်ချင်းလူးလဲထ၊ သူလေးနောက်က ခြေဖွနင်း လိုက်သွားတော့တာပေါ့။

မည်းမှောင်နေတဲ့ တောကြီးထဲမှာ ဒီနတ်သမီးလေးက သူမရဲ့ အဝတ်အစားတွေကို လိုက်ရှာနေတယ်လေ။ တစ်ပင်ကနေ နောက်တစ်ပင်ကူး၊ ဘယ်လိုပဲ ကူးခတ်ရှာဖွေပေမယ့် လုံးဝမတွေ့ရတော့မှ လက်လျှော့ပြီး သစ်ပင်တစ်ပင်အောက်မှာ ဝမ်းနည်းကြေကွဲစွာနဲ့ ငိုရှိုက်လိုက်ပါတော့တယ်။ ဒီမြင်ကွင်းကြောင့် အဘွားအိုစိတ်ထိခိုက်ရတယ်။ စိတ်ထိခိုက်လွန်းလို့ သူလေးနားအရောက်ပြေးပြီး နှစ်သိမ့်လိုက်ချင်စိတ်တွေ ရင်မှာပြည့်လာတယ်။ ဒါပေမဲ့...လမ်းခုလတ်မှာ ပဲရပ်လိုက်ပြီး မိန်းကလေးကို မျက်ခြည်မပြတ်ကြည့်နေခိုက်မှာ မိန်းကလေးရဲ့ မျက်ရည်စက်ကလေးတွေဟာ မြေပြင်ပေါ်ကျသွားတာနဲ့ ရနံ့သင်းတဲ့ ပန်းပွင့်တွေဖြစ်သွားတော့တာပဲ။ ဒီတော့မှ ခါတိုင်းလိုပဲ မင်းသမီးလေးဟာ မတ်တတ်ရပ်လိုက်ပြီး အရုဏ်မကျင်းခင်မှာ အိမ်ကို ပြန်သွားပါတော့တယ်။

ဒီတော့ အဘွားအိုက နောက်မှာချန်နေရစ်ပြီး ပန်းပွင့်တွေကို ကောက် အိမ်ပြန်လာခဲ့တယ်။ အင်း...ခုတော့ သူဟာ အရင်ကထက် အများကြီး အခြေအနေ ပိုကောင်းလာခဲ့ပါပြီ။ မော်ပန်းပွင့်တွေကို ကျေးရွာ

mgyoe.com